

# လေလှိုင်းပေါ် ဘယ်လို အသံလွှင့်တင်မလဲ

## မြန်မာနိုင်ငံရှိ လူထုရေဒီယို အတွက် လက်စွဲစာအုပ်

UNESCO | IPDC THE INTERNATIONAL PROGRAMME FOR THE DEVELOPMENT OF COMMUNICATION

DW Akademie

# မာတိကာ

## မြန်မာနိုင်ငံလူထုရေဒီယိုလက်စွဲစာအုပ်


| | |
|---|---|
| နိဒါန်း | **xxx** |
| မာတိကာ | **xxx** |
| အခန်း ၁။ လူထုရေဒီယိုဟူသည်အဘယ်နည်း | **xxx** |
| အခန်း ၂။ လူထုရေဒီယိုအသံလွှင့်ရုံတစ်ခု တည်ဆောက်ခြင်း | **xxx** |
| အခန်း ၃။ လူထုရေဒီယိုအသံလွှင့်ရုံအတွက် ငွေကြေးထောက်ပံ့ခြင်း | **xxx** |
| အခန်း ၄။ လူထုရေဒီယိုအသံလွှင့်ရုံတွင် ဝန်ထမ်းများခန့်အပ်ထားခြင်း | **xxx** |
| အခန်း ၅။ လူထုရေဒီယိုနှင့် လူ့အခွင့်အရေး | xxx |
| နိဂုံး နှင့် အကိုးအကားများ | xxx |

## နိဒါန်း

လူထုရေဒီယိုသည် မြန်မာ့မီဒီယာအခင်းအကျင်းအတွက် စိတ်လှုပ်ရှားဖွယ်ကောင်းသော၊ တန်ဖိုးရှိသော တိုးချဲ့မှုတစ်ခုဖြစ်ပြီး၊ ရပ်ရွာလူထုအသိုင်းအဝိုင်းများအတွက် မိမိဒေသတွင်းရှိပြည်သူတို့၏ အသံများ၊ ဒေသတွင်း အသုံးပြုနေသော ဘာသာစကားများကို အသုံးပြုနိုင်သော သတင်းနှင့် သတင်းအချက်အလက်များကို ရရှိစေပါသည်။

လူထုရေဒီယို (Community Radio) ဟူသည် ရပ်ရွာလူထု တစ်ရပ်မှ မိမိတို့လူထုအတွက် မိမိတို့ကိုယ်တိုင်စီမံဆောင်ရွက်သည့် အမှီအခိုကင်းသော အသံလွှင့်ရုံဖြစ်ပါသည်။ ၎င်းသည် ဒေသခံပြည်သူများနှင့်စပ်လျဉ်းမှုရှိသည့် အကြောင်းအရာများ - ဥပမာ၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့်ဖျော်ဖြေရေး စသည့် ဒေသခံလူထုအတွက် အသုံးဝင်မည့် သတင်းအချက်အလက်များကို ဒေသတွင်းရှိ လူထုသိရှိစေရန်အတွက်  ပံ့ပိုးမှုပေးသော ရေဒီယိုဖြစ်ပါသည်။

တိုင်းရင်းသားလူထုများတွင် မိမိတို့၏ဒေသတွင်း အရေးကိစ္စများအား အခြားပင်မမီဒီယာများတွင်ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြပေးနိုင်ရန် လွယ်ကူမှုမရှိသောကြောင့် လူထုရေဒီယိုသည် ဒေသတွင်းရှိပြည်သူလူထုအတွက် ဒေသတွင်းသတင်းများကို ကျယ်ပြန့်လျင်မြန်စွာ ဖော်ပြပေးမည်ဖြစ်ပါသောကြောင့် ပြည်လူထုများစွာအတွက် ၎င်းသည် ကောင်းမွန်သော သတင်းဖြန့်ဝေရာအသံလွှင့်ရုံအဖြစ် စွဲဆောင်မှုရှိပါသည်။ ထို့အတွက်ကြောင့်လည်း လွတ်လပ်သော တိုင်းရင်းသားမီဒီယာများမဟာမိတ်အဖွဲ့ (IEMA) သည် UNESCO, DW Akademie တို့ ကူညီပံ့ပိုးမှုများဖြင့်  လူထုရေဒီယိုအစပျိုးမှုများကို အလုပ်ရုံသင်တန်းများ၊ ညီလာခံ များပြုလုပ်ခြင်း၊ ဤလက်စွဲစာအုပ်ထုတ်ဝေခြင်းတို့ဖြင့် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါ သည်။

လူထုရေဒီယိုသည် မြန်မာနိုင်ငံအတွက် အသစ်ဖြစ်သည်။ ၂၀၁၅ ခုနှစ် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေသည် မြန်မာနိုင်ငံ၌ လူထုရေဒီယိုကဏ္ဍ

တစ်ရပ် တည်ဆောက်ရန် လမ်းဖွင့်ပေးခဲ့လေရာ၊ ၂၀၁၈ ခုနှစ် အစောပိုင်းတွင် ထန်းတပင်မြို့နယ်၌ မြန်မာနိုင်ငံ၏ပထမဆုံးသောလူထုရေဒီယို အသံလွှင့်ရုံသည် လေလှိုင်းပေါ်သို့ အသံထုတ်လွှင့်မှု စတင်ခဲ့ပါသည်။ ထိုမှစပြီး ရပ်ရွာလူထုများစွာတို့သည် မိမိတို့ကိုယ်ပိုင်အသံလွှင့်ရုံကို တည်ဆောက်ကြရန် စိတ်ဝင်စားမှု ရှိလာကြပါသည်။

ဤလက်စွဲစာအုပ်၏ ရည်ရွယ်ချက်မှာ လူထုရေဒီယို လုပ်ငန်းစဉ်အစပြုသည့်အခါ ထည့်သွင်းစဉ်းစားရမည့်အချက်များ၊ လက်တွေ့ကျသောခြေလှမ်းများကို တင်ဆက်ပေးခြင်းဖြင့် နောက်ထပ် အစပျိုးဆောင်ရွက်သူများကို ကူညီရန်ဖြစ်သည်။

ဤလက်စွဲစာအုပ်၏ စာရေးသူများအနေဖြင့် ယူနက်စကိုနှင့် ၎င်း၏မြန်မာနိုင်ငံအခြေစိုက်ရုံးတို့အား အထူးပင်ကျေးဇူးတင်ရှိပါသည်။ **ယူနက်စကိုမူဝါဒစာစောင်တွဲ - ရပ်ရွာလူထုအခြေပြု မီဒီယာရေရှည်တည်တံ့မှု** လက်စွဲစာအုပ် (UNESCO ၂၀၁၇) နှင့် **ရပ်ရွာလူထုအခြေပြုရေဒီယိုလက်စွဲစာအုပ်** (UNESCO ၂၀၀၁) တို့သည် ယခုလက်စွဲစာအုပ်အတွက် တန်ဖိုးရှိလှသော အချက်အလက်များကို ပံ့ပိုးပေးပါသည်။

Kyle James, Project Manager

DW Akademie

*အခန်း ၁*

## လူထုရေဒီယိုဟူသည်အဘယ်နည်း

မြန်မာနိုင်ငံတွင် နိုင်ငံပိုင်ရေဒီယိုအသံလွှင့်ဌာန (MRTV) နှင့် စီးပွားဖြစ်ထုတ်လွှင့်နေသော FMအအသံလွှင့်ဌာနများ (ဥပမာ ချယ်ရီFM၊ မန္တလေးFM) ရှိနှင့်ပြီးဖြစ်သည်။ သို့သော် လူထုရေဒီယိုအခန်းကဏ္ဍသစ်သည် လူ့အဖွဲ့အစည်းတွင်းရှိသော ပြည်သူလူထု၏ လွတ်လပ်စွာပြောဆိုပိုင်ခွင်နှင့် တန်းတူညီမျှစွာပြောဆိုနိုင်ခွင့်ပိုမိုရရှိစေနိုင်ရေးအတွက် မီဒီယာအခင်းအကျင်းတွင် အရေးကြီးသောတိုးချဲ့မှုတစ်ရပ်ဖြစ်သည်။ လူထုရေဒီယိုအသံလွှင့်ရုံများသည် အသံထုတ်လွှင့်သည့်ဧရိယာပိုမိုသေးငယ်ပြီး လူထုကိုယ်တိုင်မှ စီမံကွပ်ကဲရသည်ဖြစ်ရာ၊ မိမိတို့ရပ်ရွာလူထုများနှင့် ပိုမိုနီးကပ်သောဆက်နွှယ်မှုများရှိစေပြီး ကြီးမားသော မီဒီယာအဖွဲ့များမှ မပံ့ပိုးပေးနိုင်သော ဒေသခံပြည်သူများလိုအပ်သည့် သတင်းအချက်အလက်များကို ဖြည့်ဆည်းပေးနိုင်ပါသည်။ ဒေသခံပြည်သူများ၏ ဘဝနှင့်တိုက်ရိုက်ဆက်စပ်နေသော သတင်းအချက်အလက်များကို ကိုယ်တိုင်ကျ လက်လှမ်းမီရရှိနိုင်စေပြီး၊ ပြည်သူများကိုယ်တိုင်ကဆန္ဒရှိက မီဒီယာထုတ်လုပ်မှုတွင်ပါဝင်ဆောင်ရွက်နိုင်ပါသည်။ လူထုရေဒီယိုသည် အသံမဲ့နေသောသူများ၊ အထူးသဖြင့်အမျိုးသမီးများနှင့် လူနည်းအုပ်စုများအတွက် အသံတစ်ခုအဖြစ် ပံ့ပိုးပေးပါသည်။

လူထုရေဒီယို၏ အကျိုးကျေးဇူးများမှာ -

- ရပ်ရွာလူထုပါဝင်မှုကိုမြှင့်တင်ပေးသည်
- မီဒီယာဗဟုဝါဒ(media pluralism) ကိုတိုးမြှင့်စေသည်
- လူမှုရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုအားဖြည့်ပေးသည်
- လွတ်လပ်စွာဖော်ထုတ်မှုနှင့်သတင်းအချက်အလက်ရရှိနိုင်ခွင့်ကိုမြှင့်တင်ပေးသည်
- ခြားနားချက်များကိုသည်းခံနိုင်စွမ်းနှင့်ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ခြင်းကိုအားပေးသည်

- ယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့်တိုင်းရင်းသားဖြစ်တည်မှုများကို ထိန်းသိမ်းပေးသည်။

## လူထုရေဒီယိုအား သင်မည်သို့ အနက်ဖွင့်ဆိုမည်နည်း

လူထုရေဒီယိုအား တစ်ခုတည်းသောအနက်ဖွင့်ဆိုချက်ဟူ၍မရှိပါ။ ၎င်းသည် အရွယ်အစား၊ ပုံသဏ္ဌာန်အမျိုးမျိုးရှိတတ်ပါသည်။ သို့သော် လူထုရေဒီယိုအသံလွှင့်ရုံအများစုတွင် တူညီသည့်အခြေခံလက္ခဏာများရှိပါသည် -

## လူထုရေဒီယိုသည် ငွေအမြတ်အစွန်းအတွက်မဟုတ်ဘဲ မိမိလူထုအတွက် အကျိုးကျေးဇူးရရှိစေရန် ရည်ရွယ်သည်။

လူထုအခြေပြုရုပ်သံထုတ်လွှင့်ခြင်းတွင် အများပြည်သူဝန်ဆောင်မှုဆိုင်ရာ လုပ်ပိုင်ခွင့်တာဝန် (mandate) တစ်ရပ်ရှိသည်။ ၎င်း၏ပန်းတိုင်မှာ ငွေအမြတ်အစွန်း ရရှိရန်မဟုတ်ဘဲ သက်ဆိုင်ရာသတင်းအချက်အလက်များနှင့် ဖျော်ဖြေမှုများကို ပေးခြင်းဖြင့် ဒေသခံပြည်သူလူထု၏ဘဝများတိုးတက်စေရန် ဖြစ်သည်။ မြန်မာနိုင်ငံ၏ဥပဒေတွင် လူထုရေဒီယိုအသံလွှင့်ရုံများသည် စီးပွားဖြစ်မဟုတ်သည့်အဖွဲ့အစည်းများသို့မဟုတ် စီးပွားဖြစ်မဟုတ်သည့်အဖွဲ့အစည်း၏အစိတ်အပိုင်းများ ဖြစ်ရမည်ဟု ဖော်ပြထားပါသည်။

## လူထုရေဒီယိုအသံလွှင့်ရုံသည် မိမိဝန်ဆောင်မှုပေးနေသည့် ရပ်ရွာလူထုတွင် တည် ရှိသည်။

လူထုရေဒီယိုသည် ရပ်ရွာလူထုအားဖြင့် မိမိလူထုအတွက်ထုတ်လွှင့်သည့် ရေဒီယိုဖြစ်လေရာ အသံလွှင့်ရုံစတူဒီယိုသည် ရပ်ရွာလူထုအတွင်းတွင် တည်ရှိရပေမည်။ ထိုသို့အားဖြင့် ရပ်ရွာလူထုမှပြည်သူများသည် အသံလွှင့်ရုံတွင် နည်းလမ်းအမျိုးမျိုးဖြင့် ကိုယ်တိုင်ကျပါဝင်စေနိုင်ပါသည် (ဥပမာ၊ အကြံပေးခြင်း၊ အစီအစဉ်များတွင် ပါဝင်ခြင်း၊ စေတနာ့ဝန်ထမ်းအဖြစ်ပါဝင်လုပ်အားပေးခြင်း)။

## လူထုရေဒီယိုသည် ကျင့်ဝတ်များကိုကောင်းစွာသိနားလည်သည်

လူထုရေဒီယိုသည် ကောင်းမွန်အေးချမ်းသော ဖွံ့ဖြိုးတိုးတက်သည့်လူ့အဖွဲ့အစည်း ဖြစ်စေရန် ရည်ရွယ်ပါသည်။ လူထုအသိုင်းအဝိုင်းကြားတွင် တစ်ဦးနှင့် တစ်ဦး ကြားတွင် သဘောကွဲလွဲမှုများနှင့် ပဋိပက္ခဖြစ်ပေါ်လာစေရေးအတွက် အတွက် မရည်ရွယ်ပါ။ သို့ပါသောကြောင့်လူထုရေဒီယိုတည်ဆောက်သူများနှင့် စေတနာ့ ဝန်ထမ်းအဖြစ်ပါဝင်အသံလွှင့်သူများအားလုံးသည် အသံလွှင့်သောအခါ အမုန်း စကားများ၊ မမှန်ကန်သောသတင်းဖြန့်ဝေမှုများ၊ ပြည်သူများအား အသရေ ဖျက်မှုများမဖြစ်စေရန် အထူးသတိပြုရပါမည်။ ထို့အပြင်အသံလွှင့်ခြင်းဆိုင်ရာ ဥပဒေ၊ သတင်းမီဒီယာဥပဒေစသဖြင့် မီဒီယာသမားများ လိုက်နာကျင့်သုံးရသော ဥပဒေများ၊ ကျင့်ဝတ်များနှင့်လည်း ဆန့်ကျင်မှု မပြုစေရန် သတိပြုရပါမည်။ မိမိတို့အား သို့မဟုတ် အသံလွှင့်ရုံအား ဥပဒေရေးရာပြဿနာများဖြစ်စေခြင်း စသည်တို့မဖြစ်အောင် ရှောင်ရှားပြီး ရှင်းလင်းသော ကျင့်ဝတ်ဆိုင်ရာ လမ်းညွှန်ချက် များကို လိုက်နာရန် အရေးကြီးပါသည်။

## လူထုရေဒီယိုအသံလွှင့်ရုံများသည်အမှီအခိုကင်းပြီး ဆုံးဖြတ်ချက်များကို မိမိတို့ ကိုယ်တိုင်ချမှတ်သည်။

လူထုရေဒီယိုအသံလွှင့်ရုံများသည် ရပ်ရွာလူထုမှစီမံကွပ်ကဲပြီး လွတ်လပ်မှုရှိသည်။ အစိုးရအဖွဲ့၊ ပြင်ပအကျိုးစီးပွား သို့မဟုတ် ဩဇာတန်ခိုးရှိသည့် တစ်ဦးတစ်ယောက် ချင်းတို့မှ စီမံခန့်ခွဲရေးဆိုင်ရာဆုံးဖြတ်ချက်များချမှတ်ခြင်း သို့မဟုတ် မည်သည်ကို ထုတ်လွှင့်ရမည်ဟူသည်ကို အမိန့်ပေးခြင်းမျိုး မပြုသင့်ပါ။ ၎င်းတို့အား လူထုရေဒီယို အသံလွှင့်ရုံ၏ ဒါရိုက်တာဘုတ်အဖွဲ့၊ အသံလွှင့်ရုံစီမံခန့်ခွဲရေးအဖွဲ့၊ သက်ဆိုင်ရာ ရပ်ရွာလူထုတို့ကသာလျှင် ဆောင်ရွက်ရပါမည်။

## လူထုရေဒီယိုအသံလွှင့်ရုံများသည် မိမိရပ်ရွာပြည်သူများ၊ ယဉ်ကျေးမှုများနှင့် ဆက်စပ် ဆီလျော်မှုရှိသည်

လူထုအခြေပြုရုပ်သံထုတ်လွှင့်ခြင်းသည် အခြားမီဒီယာများ မရှိသည့် ဒေသများ အတွက် သတင်းအချက်အလက်အရင်းအမြစ်တစ်ခုဖြစ်ပါသည်။ ဥပမာ၊ ဒေသ အတွင်း ကားလမ်းခင်းခြင်း သို့မဟုတ် ဆေးခန်းများဖွင့်လှစ်ခြင်း စသည့်သတင်း အချက်အလက်များကို MRTV ကဲ့သို့သောနိုင်ငံပိုင်မီဒီယာ သို့မဟုတ် ချယ်ရီFM တို့တွင် ထုတ်လွှင့်ချင်မှ ထုတ်လွှင့်ပါလိမ့်မည်။ သို့သော် ထိုသို့သောသတင်းသည် ဒေသခံများအတွက် အရေးကြီးပါသည်။ ထိုသို့သော အကြောင်းအရာများသည် လူထုရေဒီယိုအတွက် ကောင်းမွန်သောအချက်များဖြစ်သည်။ အသံလွှင့်ရုံများအနေ ဖြင့် မိမိတို့ရပ်ရွာလူထုများနှင့် အနီးကပ်ဆက်သွယ်မှုရှိသင့်ပြီး၊ ဒေသခံပြည်သူများ မည်သည့်အစီအစဉ်များ၊ မည်သည့်အကြောင်းအရာများ နားထောင်ချင်သည်ကို လေ့လာသိရှိသင့်ပါသည်။

## လူထုရေဒီယိုသည် အားလုံးပါဝင်မှုဖြစ်သည်

လူထုရေဒီယိုအသံလွှင့်ရုံ၏ လွှမ်းခြုံဧရိယာရှိ မည်သူတစ်ဦးတယောက်ကိုမျှ လူမျိုးရေး၊ ဘာသာရေး၊ ဘာသာစကား စသည့်အချက်တစ်ခုခုအပေါ် မူတည်ပြီး ခွဲခြားဖယ်မထားသင့်ပါ။ ရပ်ရွာလူထုတစ်ခုတွင် မတူညီကွဲပြားသော ဘာသာစကား များစွာကို ပြောဆိုကြပါက အသံလွှင့်ရုံအနေဖြင့် ကွဲပြားသော ဘာသာစကား များအားဖြင့် အသံလွှင့်ပေးသင့်ပါသည်။ ဘာသာရေးဆိုင်ရာ အစီအစဉ်တွင် ဒေသအတွင်းရှိ အစဉ်အလာများ အားလုံးကို လွှမ်းခြုံပေးသင့်ပါသည်။

## လူထုရေဒီယိုသည် စေတနာ့ဝန်ထမ်းများ၏လုပ်အားအပေါ် အမှီပြုသည်

လူထုရေဒီယိုတွင် လုပ်ကိုင်ဆောင်ရွက်ပေးသော စေတနာ့ဝန်ထမ်းများသည် လူထု ရေဒီယို၏ အသက်သွေးကြောဖြစ်သည်။ အချို့သောအသံလွှင့်ရုံများတွင် အခကြေး ပေးထားသည့် ဝန်ထမ်းများအနည်းငယ် ရှိနိုင်သည်။ သို့သော် အများအားဖြင့် စေတနာ့ဝန်ထမ်းများကိုသာ ခန့်အပ်ကြသည်။ ထိုသူတို့သည် သတင်းအစီရင်ခံခြင်း မှသည် သတင်းတင်ဆက်ခြင်း၊ ရံပုံငွေရှာခြင်း နှင့် လုပ်ငန်း အားလုံးနီးပါးအထိ ဆောင်ရွက်ကြရသည်။ စေတနာ့ဝန်ထမ်းများသည် အသံလွှင့်ရုံ တွင် နေ့စဉ်အလုပ် ဆင်းရန်မလိုပါ။ မိမိတို့အချိန်ပေးနိုင်သလောက်ဖြင့်သာပါဝင်ကြခြင်းဖြစ်သည်။

တစ်ပတ်လျှင် နာရီပိုင်းအနည်းငယ်သာ အချိန်ပေးဆောင်ရွက်ခြင်းလည်း ဖြစ်နိုင်ပါသည်။ (အခန်း ၄ ကိုကြည့်ပါ)

## ရပ်ရွာလူထုသည် အကြီးအကဲ (boss)ဖြစ်သည်

ဒေသခံရပ်ရွာလူထုသည် လူထုရေဒီယိုအသံလွှင့်ရုံ၏ကဏ္ဍရပ်အားလုံးတွင် ပါဝင်ကြရသည်။ ဆိုလိုသည်မှာ အထွေထွေညီလာခံသည် ဒေသခံလူထုဝင်များအားလုံး ပါဝင်ရန် ဖွင့်ထားပေးပြီး အပြီးသတ်ဆုံးဖြတ်ချက်များချမှတ်သည့်နေရာလည်းဖြစ်သည်။ ရပ်ရွာလူထုဝင်များမှ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များကို ရွေးချယ်သည်။ ၎င်းဘုတ်အဖွဲ့မှာ အသံလွှင့်ရုံမန်နေဂျာများကို ခန့်အပ်သည်။ မန်နေဂျာများမှ စေတနာ့ဝန်ထမ်းများ အစရှိသည်တို့ကို စီမံခန့်ခွဲပေးသည်။ အသံလွှင့်ရုံသည် ဒေသခံလူထုထံသို့ အမြဲတမ်း အစီရင်ခံမှုပေးပါသည်။

## လူထုရေဒီယိုမဟုတ်သည့်အချက်များ

**လူထုရေဒီယိုသည် ပြည်သူလူထု၏ ဖွံ့ဖြိုးတိုးတက်ရေးကိုဦးစားပေးသည်။ နိုင်ငံရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ဘက်လိုက်မှုပြုခြင်းမျိုး မပြုလုပ်ပါ။**

ပြည်တွင်းနှင့်ဒေသန္တရသတင်းများသည် လူထုရေဒီယိုအစီအစဉ်၏ ကဏ္ဍတစ်ရပ်ဖြစ်သော်ငြားလည်း၊ လူထုရေဒီယိုသည် နိုင်ငံရေးပါတီတစ်ခုခု သို့မဟုတ် လက်နက်ကိုင်အုပ်စုတစ်ခုခုအပေါ် ဘက်လိုက်မှုပြုခြင်းနှင့် ၎င်းတို့၏ အကျိုးစီးပွား ကို ထောက်ပံ့ခြင်းတို့အားရှောင်ကျဉ်းသည်။ နိုင်ငံရေးဘက်လိုက်မှု၊ လူမျိုးရေးဘက်လိုက်မှုနှင့် ဘာသာရေးဘက်လိုက်မှု စသည်တို့မရှိဘဲ ဒေသတွင်း ပြည်သူလူထု၏ ဖွံ့ဖြိုးတိုးတက်ရေးကိုသာ ကူညီပံ့ပိုးပေးမည့် သတင်းအချက် အလက်များကိုသာ ဦးစားပေးသည်။

**လူထုရေဒီယိုသည် ဒေသန္တရအခြေပြုဖြစ်သည်၊ ပြည်နယ်/တိုင်းဒေသ သို့မဟုတ် ပြည်တွင်းတစ်ခုလုံးကို အခြေမပြုပါ**

လူထုရေဒီယို၏ အင်အားသည် ၎င်း၏ဒေသန္တရဖြစ်တည်ခြင်းလက္ခဏာဖြစ်သည်။ ဆိုလိုသည်မှာ ဒေသအတွင်းမှ မည်သူမဆိုသည် ဆန္ဒရှိက ပါဝင်နိုင်ပြီး၊ ရပ်ရွာလူထု အရေးကိစ္စများကို လေလှိုင်းပေါ်တွင် ဆွေးနွေးမှုပြုနိုင်ကြပါသည်။ ထို့အပြင် နည်းပညာပိုင်းဆိုင်ရာ ကန့်သတ်ချက်များကြောင့် အသံလွှင့်ရုံ၏ လှိုင်းနှုန်းသည် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးတစ်ခုလုံးအပေါ် လွှမ်းခြုံမှုရှိမည်မဟုတ်ပါ။ လှိုင်းနှုန်းလွှမ်းခြုံမှု ဧရိယာများသည် မြို့တစ်မြို့၊ ကျေးရွာအုပ်စု သို့ မြို့နယ်တစ်ခု စသည်ဖြင့် ကန့်သတ် လေ့ရှိပါသည်။

## လူထုရေဒီယိုသည် သဘောကွဲစေရန်မဟုတ်ပါ

လူထုရေဒီယိုသည် ပါတီနိုင်ငံရေးရပ်တည်ချက်သဘောထားများ ရှောင်ရှား သကဲ့သို့ပင်၊ ရပ်ရွာလူထုတစ်ခုအတွင်း သဘောကွဲစေသော ပဋိပက္ခကိုဖြစ်ပေါ် လှုံ့ဆော်ရာရောက်သော၊ ဘာသာရေးဆိုင်ရာ အငြင်းပွားမှုကို ဖြစ်ပေါ်စေသော၊ တိုင်းရင်းသားရေးရာ ကွဲခြားဆက်ဆံမှုကို ဖြစ်ပေါ်စေသော၊ အမျိုးသမီးများနှင့် ကလေးငယ်တို့၏ အခွင့်အရေးများကို ထိခိုက်စေနိုင်သော ထုတ်လွှင့်မှုများအား ရှောင်ရှားပါသည်။ ဆိုလိုသည်မှာ တိုင်းရင်းသားလူနည်းစုတစ်ရပ် သို့မဟုတ် ဘာသာရေးအုပ်စုတစ်ခုကို ချန်လှပ်ထားခြင်း၊ သို့မဟုတ် အန်ဂျီအို၊ CSO တစ်ခုတည်း၏ အကျိုးစီးပွားကိုသာ မြှင့်တင်ပေးခြင်းမျိုးကိုဆိုလိုသည်။ လူထုရေဒီယိုသည် အားလုံးပါဝင်မှုဖြစ်ပြီး၊ ရပ်ရွာလူထု အားလုံးကို ကိုယ်စားပြုရမည် ဟူသည်ကို မှတ်သားထားရမည်။ ပန်းတိုင်မှာ နားလည်မှုရှိခြင်း၊ ခြားနားချက်များကိုသည်းခံခြင်း၊ ပြန်လည်သင့်မြတ်ခြင်း၊ လူမှုရေးရာပေါင်းစည်းညီညွတ်မှုတို့ဖြစ်သည်။

## လူထုရေဒီယိုသည် BBC သို့မဟုတ် ချယ်ရီFM များကဲ့သို့သော အသံလွှင့်ရုံမျိုးမဟုတ်ပါ

လူထုရေဒီယိုစေတနာ့ဝန်ထမ်းများသည် မီဒီယာပရောဖက်ရှင်နယ်များမဟုတ်ကြပါ။ အများစုတို့သည် လူထုရေဒီယိုအသံလွှင့်ရုံတွင် လုပ်အားပေးမှုမပြုကြမီ ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာ အတွေ့အကြုံမရှိကြသူများဖြစ်သည်။ သို့ဖြစ်၍ လူထုရေဒီယို အသံလွှင့်ရုံသည် ပရော်ဖက်ရှင်နယ်များကဲ့သို့ အသံထုတ်လုပ်မှုကို ချောမွေ့စွာ ဆောင်

ရှက်နိုင်လိမ့်မည်မဟုတ်ပါ။ ရည်ရွယ်ချက်မှာ ပြီးပြည့်စုံမှုရှိရန်မဟုတ်ဘဲ၊ ပြည်သူများ လိုအပ်နေသည့် သတင်းအချက်အလက်များကို ရရှိစေရန် ပံ့ပိုးပေးခြင်းဖြစ်သည်။

## လူထုရေဒီယိုသည် အခကြေးပေးရသည့် ဝန်ထမ်းများခန့်လေ့မရှိပါ

လူထုရေဒီယိုတွင် ပါဝင်လုပ်ကိုင်ကြသူ အများစုတို့သည် စေတနာ့ဝန်ထမ်းများ ဖြစ်ကြပြီး၊ လုပ်အားခ မရရှိကြပါ။ အသံလွှင့်ရုံမန်နေဂျာကဲ့သို့ အခကြေးပေးရသော ဝန်ထမ်းအချို့ရှိနိုင်ပါသော်လည်း လူနည်းစုလေးသာဖြစ်သည်။ သို့ပါသော်လည်း စေတနာ့ဝန်ထမ်းများသည် လူထုရေဒီယိုအသံလွှင့်ရုံတွင် လုပ်အားပေးခြင်းအားဖြင့် ကျွမ်းကျင်မှုအတတ်ပညာများ သင်ယူရရှိကြပြီး၊ နောက်နောင် အခြားနေရာများတွင် အခကြေးရရှိနိုင်မည့်အလုပ်ရရှိစေရန် ကူညီပေးနိုင်ပါသည်။

*အခန်း ၂*

# လူထုရေဒီယိုအသံလွှင့်ရုံတစ်ခုထူထောင်ခြင်း

လူထုရေဒီယိုအသံလွှင့်ရုံတစ်ခုထူထောင်ရာတွင် အဓိကအားဖြင့် တရားဝင်ခွင့်ပြုချက်(လိုင်စင်)နှင့် လိုအပ်သည့်စက်ပစ္စည်းများ (Transmitter စက်၊ မိုက်ခရိုဖုန်းစသည်များ) ရရှိခြင်းတို့ပါဝင်သည်ဟု လူအများစုက ထင်မြင်ကောင်းထင်မြင်ပါမည်။ သို့ရာတွင် စင်စစ်အားဖြင့် အသံထုတ်လွှင့်ခြင်းအမှန်တကယ်မစတင်မီ ကြိုတင်စီစဉ်မှုနှင့် ပြင်ဆင်မှု အမြောက်အများဆောင်ရွက်ရပါသည်။ စက်ပစ္စည်းများမဝယ်ယူမီ အခြေခံအချက်များ သေချာချမှတ်ပေးရန် အရေးကြီးသည်။ အောက်ပါခြေလှမ်းအဆင့်များချမှတ်ရန် ထောက်ခံအကြံပြုအပ်ပါသည် -

**၁။ စူးစမ်းလေ့လာခြင်း/ဖွဲ့စည်းမှုပြုခြင်း။** ။ လူထုရေဒီယို၏ အကျိုးကျေးဇူးများကို စိတ်ချယုံကြည်သည့် ရပ်ရွာလူထုမှ လူတစ်စုကို စတင်ဖွဲ့စည်းသင့်ပါသည်။
**၂။ သုတေသန/ဆော်သြော်စည်းရုံးခြင်း။** ။ ယင်းဗဟိုအဖွဲ့သည် ဒေသန္တရလူမှုရေး၊ စီးပွားရေးအခြေအနေများကိုလည်းကောင်း၊ လူထုရေဒီယိုအစီအစဉ်အပေါ် စိတ်ပါဝင်စားမှုများကိုလည်းကောင်း လေ့လာရပါမည်။ ၎င်းအနေဖြင့် အလားအလာ ရှိသည့် မိတ်ဘက်အဖွဲ့များကိုထည့်သွင်းစဉ်းစားခြင်း၊ ရပ်ရွာလူထုနှင့် ဒေသန္တရ အစိုးရတာဝန်ရှိသူများထံသို့ သတင်းဖြန့်ပေးခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အစီအမံ တစ်ခု ဖော်ဆောင်ခြင်းတို့ကို ဆောင်ရွက်ရပါမည်။ ထူထောင်ပြီးဖြစ်သည့် လူထု ရေဒီယို အသံလွှင့်ရုံများနှင့် ဆွေးနွေးမှုများ အစပြုရပါမည်။
**၃။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် စီမံအုပ်ချုပ်ရေး။** ။ အသံလွှင့်ရုံအား မည်သို့ဖွဲ့စည်းတည်ဆောက်မည်၊ မည်သို့စီမံအုပ်ချုပ်မည်ဟူသည့်အချက်များနှင့် ဗဟိုကျသော ရည်ရွယ်ချက်များကို ဖော်ပြပေးသည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတစ်ခုကို ရေးသားရပါမည်။

**၄။ ရေဒီယိုပရိုဂရမ်အစီအစဉ်ဖန်တီးခြင်း။** ။ ရပ်ရွာလူထုနှင့်ဆီလျော်သည့် ထုတ်လွှင့်မှုပိုင်းဆိုင်ရာပါဝင်ရမည့်အကြောင်းအရာများအတွက် အစီအစဉ်တစ်ခု ရေးဆွဲရမည်။

**၅။ အသံထုတ်လွှင့်မှုဆိုင်ရာလိုင်စင်လျှောက်ထားခြင်း။** ။ ရေဒီယိုအသံထုတ်လွှင့်ရန် ရွေးချယ်ထားပါက အမျိုးသားရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ အာဏာပိုင်အဖွဲ့ ထံ လိုင်စင်တစ်ခုလျှောက်ထားရန်လိုအပ်ပါမည်။

**၆။ စက်ပစ္စည်းများဝယ်ယူခြင်းနှင့်တပ်ဆင်ခြင်း။** ။ စတူဒီယိုအခန်း ပြင်ဆင်မှုပြု အန်တင်နာတိုင်တပ်ဆင်ပြီး စမ်းသပ်အသံလွှင့်မှုပြုခြင်းတို့ ဆောင်ရွက်ရမည်။

**၇။ သင်တန်း။** ။ စေတနာ့ဝန်ထမ်းများအတွက် လူထုရေဒီယိုနှင့် ရေဒီယို ထုတ်လုပ်ရေးဆိုင်ရာ အခြေခံပညာရပ်များအတွက် သင်တန်းအစီအစဉ်တစ်ခု စီစဉ်ပေးရပါမည်။

**၈။ စတင်ဖွင့်လှစ်ခြင်း။** ။ အသံလွှင့်ရုံသည် စတင်အသံထုတ်လွှင့်သည်။

## အဆင့် ၁။ စုးစမ်းလေ့လာခြင်းနှင့်ဖွဲ့စည်းမှုအဆင့်

## အစပျိုးဆောင်ရွက်မှုကိုဦးဆောင်ပေးမည့်ဗဟိုအဖွဲ့တစ်ခုကိုရှာဖွေပါ

လူထုရေဒီယိုရေ့ဆက်နိုင်ရေးအတွက်အချိန်ပေးနိုင်သော၊ စိတ်အားထက်သန်သော၊ ကတိကဝတ်ထားရှိနိုင်သော လူတစ်စုကိုစုစည်းပေးနိုင်ရန်အရေးကြီးသည်။ ယင်း လူစုသည် လူထုရေဒီယိုသဘောတရားကို ပိုမိုကြီးမားသည့် ရပ်ရွာလူထုထံသို့ မိတ် ဆက်ပေးခြင်း၊ ဖွဲ့စည်းမှုလုပ်ငန်းစဉ်များအစပြုခြင်း၊ ဒေသန္တရအစိုးရတာဝန်ရှိသူများ ထံ ပြောဆိုပေးခြင်း၊ လိုင်စင်လျှောက်ထားခြင်းလုပ်ငန်းစဉ်များ အစပြုခြင်း၊ စက်ပစ္စည်းများနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာကနဦးဆုံးဖြတ်ချက်များချမှတ်ခြင်းစသည် တို့ကို ဆောင်ရွက်သည့် အဖွဲ့ဖြစ်ပြီး၊ ထိုနောက် စီမံခန့်ခွဲရေးအဖွဲ့တွင် အခန်းကဏ္ဍ တစ်ရပ်မှ ပါဝင်လာနိုင်သည်၊ သို့တည်းမဟုတ်က အသံလွှင့်ရုံတွင် ပထမဆုံးသော ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ ဖြစ်လာနိုင်သည်။ လုပ်ဆောင်ရာတွင် ပါဝင်သူများအား လူမျိုး၊ ဘာသာ၊ ဘာသာစကားတို့ဖြင့်ကန့်သတ်ခြင်း တားမြစ်ခြင်း

တစ်စုံတစ်ရာမဆောင်ရွက်သင့်ကြောင်းကိုလည်း ပြည်သူလူထုနားလည်အောင် ရှင်းလင်းပြောဆိုရပါမည်။ထို့ပြင်စေတနာ့ဝန်ထမ်းများ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ပြည်သူလူထုထံသို့ရှင်းလင်းပြောဆိုပြီး စေတနာ့ဝန်ထမ်းလုပ်ကိုင်လိုသူများအား တာဝန်ပေးအပ်ခြင်းကို လုပ်ဆောင်ရပါသည်။

အဆိုပါအဖွဲ့တွင် ချိတ်ဆက်ရေးအားကောင်းသော ရပ်ရွာလူထုခေါင်းဆောင်များ ပါဝင်နိုင်က ကောင်းပါသည်။ သို့သော် ၎င်းတွင် လူထုရေဒီယိုအသံလွှင့်ရုံတစ်ခု တည်ဆောက်ခြင်းဆိုင်ရာ လုပ်ငန်းတွင် ပါဝင်ရန် စိတ်ဆန္ဒရှိသူမည်သူမဆိုအတွက် တံခါးဖွင့်ထားသင့်ပါသည်။

## အဆင့် ၂။ သုတေသန/ဆော်ဩစည်းရုံးခြင်း

### အလားအလာရှိသည့်မိတ်ဘက်အဖွဲ့များကိုရှာဖွေပါ

လူထုရေဒီယိုအစပျိုးဆောင်ရွက်သူအများစုတို့သည် ကြီးမားသော ငွေကြေးအရင်းအမြစ်များ မရှိကြပါ။ သို့ဖြစ်၍ ရပ်ရွာလူထုအား ပံ့ပိုးမှုပေးနိုင်သည့် ဒေသန္တရ၊ ပြည်တွင်း၊ နိုင်ငံတကာမိတ်ဘက်အဖွဲ့များရှိက အလွန်အကျိုးရှိလှပေမည်။ အချို့ လူထုရေဒီယိုအစပျိုးဆောင်ရွက်သူများသည် ရပ်ရွာလူထုနှင့်ခိုင်မာစွာချိတ်ဆက်ပြီး၊ ကွန်ယက်ချိတ်ဆက်မှုများနှင့် လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပြီးဖြစ်သည့် ဒေသန္တရ အန်ဂျီအိုများ သို့မဟုတ် CBO များနှင့် ပူးပေါင်းလုပ်ဆောင်ကြပါသည်။ လူထုအခြေပြုမီဒီယာအစီအစဉ်များပံ့ပိုးကူညီသည့် နိုင်ငံတကာအလှူရှင်အဖွဲ့များသည် ထောက်ပံ့ငွေ၊ ကျွမ်းကျင်မှုပညာနှင့် သင်တန်းများကို ပံ့ပိုးပေးနိုင်ပါသည်။ ဖွဲ့စည်းတည်ထောင်ပြီးဖြစ်သည့် တိုင်းရင်းသားမီဒီယာအဖွဲ့အစည်းများသည် လူထုရေဒီယိုအသံလွှင့်ရုံများနှင့် အတူလုပ်ဆောင်ရန် စိတ်ပါဝင်စားမှုရှိနိုင်ပြီး ၎င်းတို့၏ စာနယ်ဇင်းအတွေ့အကြုံများဖြင့် ပံ့ပိုးကူညီနိုင်ပါမည်။ အရေးကြီးသည်မှာ အသံလွှင့်ရုံသည် လွတ်လပ်မှုရှိပြီး ရပ်ရွာလူထုအတွက် တာဝန်ရှိသောကဏ္ဍတစ်ရပ် ဖြစ်နေရပါမည်။

## လူထုအား ပါဝင်စေပါ၊ အကြောင်းကြားပါ၊ စတင်စည်းရုံးမှုပြုပါ

လူထုရေဒီယိုအသံလွှင့်ရုံအား သင်၏ရပ်ရွာလူထုမှ လိုလားပါသလား၊ သို့မဟုတ် နားလည်ပါသလား။ လူထုရေဒီယိုသည် မြန်မာနိုင်ငံအတွက် အသစ်အဆန်းဖြစ်ပါသေးသည်။ ထို့ကြောင့် ၎င်းသည် မည်သည်ဖြစ်သည်၊ ၎င်း၏ရည်မှန်းချက်များမှာ မည်သည်ဖြစ်သည်၊ လူထုမှ မည်သို့ပါဝင်ဆောင်ရွက်နိုင်မည် ဟူသည်တို့အား ရပ်ရွာလူထုအား ပြောပြပေးရန် အရေးကြီးပါသည်။ ဤသည်အား လူအများစုဝေးရာဖြစ်သည့် ကျေးရွာအစည်း အဝေးများတွင်လည်းကောင်း၊ ရပ်ရွာပွဲအစီအစဉ်များတွင်လည်းကောင်း လူထုရေဒီယိုအစပျိုးမှုအကြောင်းအား ပြောပြပေးခြင်းဖြင့် ဆောင်ရွက်နိုင်ပါသည်။ လူထု၏သဘောထားတုန့်ပြန်ချက်များကို ရရှိခြင်းသည် အလွန်အရေးကြီးပါသည်။ မိမိတို့အနေဖြင့်ဆန္ဒရှိက ရပ်ရွာလူထုကိုစုဝေးစေမည့် ပျော်ရွှင်ဖွယ်ကောင်းသော ပွဲအစီအစဉ်တစ်ခု စီစဉ်ကျင်းပပြီး လူထုရေဒီယိုအကြောင်းကို ပြောပြနိုင်ပါသည်။ လူထုရေဒီယိုသည် လူထု၏ပံ့ပိုးမှုရှိရမည်၊ လူထုရေဒီယိုတွင် ဒေသတွင်းနေထိုင်သော လူထု၏အားပေးမှု ထောက်ခံမှု ကူညီပံ့ပိုးမှု မရရှိပါက မအောင်မြင်နိုင်ပါ။ သို့ပါသောကြောင့် လူထုရေဒီယိုအကြောင်းကို လူထုနားလည်အောင် ရှင်းလင်းပြောဆိုခြင်း၊ စည်းရုံးခြင်းကို အလေးထားပြုလုပ်သင့်ပါသည်။

## ရပ်ရွာလူထုအကြောင်း လေ့လာပါ

ရပ်ရွာလူထုဖွဲ့စည်းမှု၊ လွှမ်းခြုံမှုပေးမည့်ဒေသရှိ အုပ်စုများ (ဘာသာရေး၊ လူမျိုးရေး၊ ဘာသာစကား)၊ ဒေသအတွင်း အရေးကြီးဆုံးဖြစ်သည့် ကိစ္စရပ်များ အစရှိသည်တို့အကြောင်းကိုသိရှိရန် လိုအပ်ချက်များအကဲဖြတ်စဉ် စစ်တမ်းတစ်ခုကောက်ယူသင့်ပါသည်။ ဒေသခံများ မည်သည့်အစီအစဉ်မျိုးကို စိတ်ပါဝင်စားသည်ဟူသည်ကို သိရှိခြင်းသည်လည်း အလွန်အရေးကြီးပါသည်။ ဤသို့သော "ရပ်ရွာအခြေပြမြေပုံထင်ဟပ်ရေးဆွဲခြင်း" သည် သင်၏ရပ်ရွာလူထုတစ်ခုလုံးကိုခြုံငုံပေးသည့် ပုံရိပ်တစ်ခုကို ရရှိစေပါလိမ့်မည်။ ၎င်းအားဖြင့် သင်၏ စီမံဆောင်ရွက်မှုများတွင် မည်သည့်အုပ်စုမျှ ချန်လှပ်ခံရခြင်းမျိုး မရှိစေဘဲ၊ ဒေသန္တရလိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများကို ဖြည့်ဆည်းပေးရန်အတွက် သင်၏အသံလွှင့်ရုံအား ပိုမို

ကောင်းမွန် သောပုံစံချခြင်း၊ အစီအစဉ်များရေးဆွဲခြင်းတို့ကို ကူညီပေးပါလိမ့်မည်။ ရပ်ရွာလူထုအကြောင်း ပိုမိုသိရှိရန် လေ့လာခြင်းအားဖြင့် ဒေသခံပြည်သူများ လူထုရေဒီယိုအကြောင်းကိုပိုမိုသိရှိ လာစေပြီး ၎င်းတို့အား ပို၍စိတ်လှုပ်ရှားစေမည့် နည်းလမ်းကောင်းတစ်ခုလည်းဖြစ်သည်။

## ဒေသန္တရအစိုးရတာဝန်ရှိသူများ၏ယုံကြည်မှုနှင့်ပံ့ပိုးမှုရယူပါ

မြန်မာနိုင်ငံတွင် လူထုရေဒီယိုသည် တရားဝင်ဖြစ်သော်လည်း အစိုးရတာဝန်ရှိသူများ အပါအဝင် ပြည်သူအများစုနှင့် ရင်းနှီးမှုမရှိသေးပါ။ လုပ်ငန်းစဉ်၏ အစောပိုင်းတွင် ပင် ထိုသူတို့ထံသို့ သင်၏လူထုရေဒီယိုအစီအစဉ်အကြောင်းကို ပြောပြပါ။ ၎င်းသည် ရပ်ရွာလူထုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပလက်ဖောင်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံရေး ပါတီတစ်ခု၊ လက်နက်ကိုင်အဖွဲ့အစည်းတစ်ခု၊ စီးပွားရေးလုပ်ငန်းတစ်ခု စသည့် အကျိုးစီးပွားမျှော်ကိုးသော အဖွဲ့အစည်းတစ်ခုခုအတွက်မဟုတ်ကြောင်း ရှင်းပြပေး ပါ။ အကျိုးကျေးဇူးများကို နားလည်သဘောပေါက်သည့် အစိုးရတာဝန်ရှိသူများ သည် လိုင်စင်လျှောက်ထားရာတွင်သော်လည်းကောင်း၊ အခြားသော လုပ်ငန်းစဉ် များတွင်လည်းကောင်း အကူအညီပေးနိုင်ပါလိမ့်မည်။ အသံလွှင့်ရုံသည် စတင်ကာ လုပ်ငန်းလည်ပတ်သည့်အခါ ဒေသန္တရအစိုးရ တာဝန်ရှိသူများသည် ရပ်ရွာလူထု အရေးကိစ္စများနှင့်စပ်လျဉ်းပြီး အရေးကြီးသောသတင်းအရင်းအမြစ်များ ဖြစ်လာ မည် ဖြစ်သောကြောင့် ထိုသူတို့သည် အသံလွှင့်ရုံ အကြောင်းကို သိရှိနေ သင့်ပါ သည်။ အသံလွှင့်ရုံတည်ဆောက်ရာတွင်လည်း ၎င်းတို့၏ ကူညီပံ့ပိုးမှုက အရေးကြီး ပါသည်။

## အသံလွှင့်ရုံ၏ထုတ်လွှင့်မှုကို လူထုမှမည်သို့နားထောင်မည်ကို စဉ်းစားထားပါ

စက်ပစ္စည်းမည်သည်ကိုမျှ မဝယ်ယူမီ မိမိရပ်ရွာလူထုအတွက် မည်သို့သော စက် ပစ္စည်းတပ်ဆင်မှုမျိုးသည် သင့်လျော်မည်ဟူသည်ကို စဉ်းစားထားပါ။ ဈေးနှုန်း သာမက၊ အဆိုပါ စက်ပစ္စည်းချို့ယွင်းပါက ပြင်ဆင်တပ်ဆင်ရန် အပိုပစ္စည်း လွယ်ကူစွာရရှိနိုင်ရေးကိုလည်း ထည့်သွင်း စဉ်းစားရပါမည်။

## *အသံထုတ်လွှင့်ခြင်း - FM လှိုင်းနှုန်းတစ်ခုရရှိခြင်း*

- ***အားသာချက်*** - သင်၏ ရေဒီယိုအစီအစဉ်ထုတ်လွှင့်မှုအား သင်၏ထုတ်လွှင့်ဧရိယာအတွင်း၌ ရေဒီယိုစက်၊ ဖုန်းစက်များဖြင့် ဖမ်းယူနိုင်ပါသည်။ သင်၏ထုတ်လွှင့်မှုအစီအစဉ်များကို လူအများစုမှ နေရာအသီးသီးမှ ဖမ်းယူနားထောင်နိုင်ပါမည်။
- ***အားနည်းချက်*** - သင့်အနေဖြင့် အစိုးရထံမှ ရေဒီယိုအသံထုတ်လွှင့်မှုလိုင်စင်တစ်ခုကို လည်းကောင်း၊ စက်ပစ္စည်းများ (ဤလက်စွဲစာအုပ်၏ စက်ပစ္စည်းပိုင်းဆိုင်ရာ အခန်းကိုကြည့်ပါ) ကိုလည်းကောင်း လိုအပ်မည်ဖြစ်ရာ ကနဦးကုန်ကျစရိတ် ပို၍မြင့်မားလာစေပါသည်။ စက်ပစ္စည်းပိုင်းဆိုင်ရာသင်တန်းများ ပိုမိုပါဝင်လာပါမည်။ စက်ပစ္စည်းများကိုလည်း ထိန်းသိမ်းရမည်ဖြစ်ပြီး၊ ပျက်စီးမှုဖြစ်လာပါက ပြန်ပြင်ပေးရပါမည်။

## အသံချဲ့စက်များ - လူစည်ကားသောနေရာတွင် အသံချဲ့စက်ဖြင့် အစီအစဉ်များဖွင့်ပေးခြင်း

- ***အားသာချက်*** - ရေဒီယိုအသံလွှင့်လိုင်စင်မလိုအပ်ပါ။ ကနဦးကုန်ကျစရိတ်နည်းပါးသည်။ နည်းပညာပိုင်းဆိုင်ရာသင်တန်း အများကြီးမလိုအပ်ပါ။
- **အားနည်းချက်** - ထုတ်လွှင့်သည့်အစီအစဉ်အား အသံချဲ့စက်မှလွှမ်းမိုးနိုင်သည့်ဧရိယာအတွင်းရှိ လူထုကသာ ကြားနိုင်မည်ဖြစ်သည်။ အသံချဲ့စက်ထားရှိရာအနီးအနားနေထိုင်သည့် ဒေသခံပြည်သူများသည် သင်၏အစီအစဉ်များကို "အတင်းအကြပ်" နားထောင်နေရပါလိမ့်မည်။

## ဒေသန္တရမြေပြင်အနေအထားကို ထည့်သွင်းစဉ်းစားပါ

သင်၏ရပ်ရွာဒေသသည် မြေပြန့်လား၊ တောင်တန်းလား၊ မြင့်မားသောတောင်ထူထပ်ရာနေရာလား။ မြေပြင်အနေအထားသည် စက်ပစ္စည်းနှင့် တပ်ဆင်တည်ဆောက်ခြင်းဆိုင်ရာ ရွေးချယ်မှုအတွက် အရေးကြီးသည်။ FM အသံထုတ်လွှင့်မှုဆိုင်ရာလှိုင်းနှုန်းသတ်မှတ်မှု ရွေးချယ်ပါက FM ရေဒီယို signals သည် ပင်မအရင်းအမြစ် (အန်တင်နာ) မှ အသံဖမ်းစက် (ရေဒီယိုစက်၊ ဖုန်းစက်) ထံသို့ တိုက်ရိုက်

လိုင်းဖြင့် သွားသည်ကို သိရှိရပါမည်။ ၎င်းအား Line-of-signt propagation နည်းလမ်းဟုခေါ်သည်။ အန်တင်နာတိုင်နှင့် အသံဖမ်းစက်အကြား တောင်ကုန်းများ သို့မဟုတ် မြင့်မားသောအဆောက်အအုံများကဲ့သို့သော ကြီးမားသည့် အဟန့်အတားများသည် လိုင်းရှန်းကို ပိတ်ဆို့နိုင်သည်။ အန်တင်နာတိုင်အား ပို၍မြင့်အောင်ထားရှိပါက signal လိုင်းအားကို ပို၍ဝေးကွာသောနေရာအထိ ရောက်ရှိစေနိုင်သည်။ Transmitter စက်၏ အားသည်လည်း signal လိုင်းမည်မျှထိ ရောက်ရှိနိုင်မည်ကို သတ်မှတ်ပေးသည့် အရေးကြီးသည့်အခန်းကဏ္ဍတစ်ခုဖြစ်သည်။

FM အသံလွှင့်ရုံများအတွက် မြေပြန့်မြေပြင်အနေအထားသည် ပြဿနာပိုနည်းစေသည်။ အကယ်၍ မြေပြင်အနေအထားသည် တောင်ကုန်း၊ တောင်းတန်းဒေသဖြစ်ပါက အန်တင်နာတိုင်အား တောင်ကုန်းထိပ်တွင်ထားရှိရပါမည်။ အခြားနည်းလမ်းတစ်ခုမှာ Radio Repeater စက်အား တောင်ကုန်းတစ်ခုပေါ်တွင် တပ်ဆင်ခြင်းဖြင့် signal လိုင်းအား နောက်ချိုင့်ဝှမ်းတစ်ခုသို့ ဆင့်ပွားပေးပို့နိုင်သည်။ သို့သော် ၎င်းသည် ကုန်ကျစရိတ် ပိုများလာစေပါမည်။

Wifi နှင့် အသံချဲ့စက် နည်းလမ်းများသည် မြေပြင်အနေအထားအားဖြင့် အကျိုးသက်ရောက်မှုမရှိပါ။

## နည်းပညာပိုင်းဆိုင်ရာအရ မည်သည်က ဖြစ်နိုင်ချေရှိသနည်း။

ရေဒီယိုအသံလွှင့်နိုင်ရန် လျှပ်စစ်ဓာတ်အားလိုအပ်သည်။ သို့ဖြစ်၍ လူထုရေဒီယိုအစပျိုးသူများအနေဖြင့် လျှပ်စစ်ဓာတ်အားမည်သို့ရရှိနိုင်မည်ကို စဉ်းစားထားရမည်။ ရပ်ရွာလူထုနေရာတွင် လျှပ်စစ်ဓာတ်အားလိုင်းသွယ်ထားပါသလား။ ထိုသို့သွယ်ထားပါက၊ ၎င်းသည် အားကိုး၍ရပါမည်လား။ လျှပ်စစ်မီးပြတ်တောက်ခဲ့လျှင် အသုံးပြုရန် မီးစက်ရှိပါသလား။ အချို့သောအသံလွှင့်ရုံများသည် ဆိုလာစွမ်းအင်နှင့် ရေအားလျှပ်စစ်စွမ်းအင်ဖြင့် ဘက်ထရီများကို အားသွင်းပြီး၊ ထိုမှ စက်ပစ္စည်းများကို ဓာတ်အားပေးပါသည်။

## အခန်း ၃။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်စီမံအုပ်ချုပ်ရေး

### *အသင်းအဖွဲ့အစ်ခုဖွဲ့စည်းပါ*

အသင်းအဖွဲ့တစ်ခုဖွဲ့စည်းခြင်းအားဖြင့်သာ လူထုရေဒီယိုအသံလွှင့်ရုံများအား အကောင်းဆုံးဖွဲ့စည်းနိုင်ပါသည်။ ၎င်းဖွဲ့စည်းမှုသည် နည်းလမ်းတကျ ဖွဲ့စည်းတည်ဆောက်ပုံ၊ စည်းမျဉ်းစည်းကမ်းများရှိသင့်ပြီး၊ စီးပွားဖြစ်မဟုတ်သည့် မှတ်ပုံတင်ထားသော အဖွဲ့အစည်းတစ်ခု အဖြစ်ရှိသင့်ပါသည် (လူထုရေဒီယိုလိုင်စင်ရရှိရန်အတွက် လိုအပ်သည်)။

### *လုပ်ငန်းရည်မှန်းချက် (mission) နှင့်မျှော်မှန်းချက်(vision)ဆိုင်ရာ ထုတ်ပြန်ချက်ရေးဆွဲခြင်း*

ယင်းထုတ်ပြန်ချက်များသည် လူထုရေဒီယိုတစ်ခု၏ ပန်းတိုင်များနှင့်ဦးတည်ရာကို သတ်မှတ်ပေးရန် ကူညီပေးပါသည်။ လုပ်ငန်းရည်မှန်းဆိုင်ရာ ထုတ်ပြန်ချက်သည် ဝါကျအားဖြင့် တစ်ကြောင်း (သို့) နှစ်ကြောင်းသာဖြစ်ပြီး လူထုရေဒီယိုအသံလွှင့်ရုံ၏ ရည်ရွယ်ချက် - အဘယ်ကြောင့်တည်ရှိရသည် - ဟူသည်ကို သတ်မှတ်ပေးပါသည်။ မျှော်မှန်းချက် ထုတ်ပြန်ချက် (vision statement)သည် အချိန်ကာလတစ်ခုအတွင်း မည်သည်ကို ဖြစ်မြောက်အောင် ဆောင်ရွက်မည် - အသံလွှင့်ရုံမှ ဦးတည်ပြီးဆောင်ရွက်နေသည် - ဟူသည်ကို ဖော်ပြပေးပါသည်။

ခရေ FM လူထုရေဒီယို၏ ဗဟိုအဖွဲ့သည် အောက်ပါတို့ကိုချမှတ်ထားသည် -

***လုပ်ငန်းရည်မှန်းချက် (mission)။*** ***။*** ခရေFM ၏လုပ်ငန်းရည်မှန်းချက်သည် ထန်းတပင်လူထု၏ အသက်မွေးမှု၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် အခြားအရေးကြီးသော ကိစ္စရပ်များဆိုင်ရာ သတင်းအချက်အလက်များကို တင်ဆက်ပေးသည့် လူထု၏ အသံတစ်ခုဖြစ်လာရန်ဖြစ်ပြီး၊

တီထွင်ကြံဆသော ထုတ်ဖော်မှုနှင့် ရေဒီယိုအသံလွှင့်ရာတွင် လူထု၏ ပါဝင်ဆောင်ရွက်မှုတို့အတွက် အသံလွှင့်ခြင်းဆိုင်ရာနေရာတစ်ခုဖန်တီးပေးရန်ဖြစ်သည်။

*မျှော်မှန်းချက် (vision)။ ။* ခရေFMလူထုရေဒီယို၏ ပံ့ပိုးမှုများအားဖြင့် ထန်းတပင်ပြည်သူများသည် ဗဟုသုတများတိုးပွားလာပြီး လူနေမှုအဆင့်အတန်းတိုးတက်လာကာ စိုးရိမ်ကြောင့်ကြမှုများ လျော့နည်းလာပါသည်။

***စီမံအုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းတည်ဆောက်မှုများအတွက်ဆုံးဖြတ်ချက်ချပါ***

လူထုရေဒီယိုအသံလွှင့်ရုံအားမည်သို့စီမံခန့်ခွဲမည်နည်း။ မည်သူက မည်သည့်တာဝန်ယူမည်နည်း။ ၎င်းတို့သည် ဤအဆင့်တွင် ဖြေဆိုရမည့်အရေးကြီးသောမေးခွန်းများဖြစ်သည်။ လူထုရေဒီယိုအများစုတို့အား အောက်ဖော်ပြပါ ဖွဲ့စည်းမှုမျိုးဖြင့် စီမံအုပ်ချုပ်ပါသည်။ သို့ရာတွင် ၎င်းတို့သည် ရပ်ရွာလူထုတစ်ခုချင်းစီ၏ အခြေအနေရပ်များအပေါ်တွင်သာမူတည်သည်။

- **အထွေထွေညီလာခံ (The General Assembly)**

အထွေထွေညီလာခံသည် လူထုရေဒီယိုအသံလွှင့်ရုံ၏လွှမ်းခြုံရေယာရှိ ရပ်ရွာလူထုတစ်ရပ်လုံးဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ အသံလွှင့်ရုံအား ရပ်ရွာလူထုမှ ပိုင်ဆိုင်သည်ဖြစ်လေရာ အထွေထွေညီလာခံသည် အမြင့်ဆုံးအခွင့်အာဏာဖြစ်သည်။ ၎င်းအား တစ်နှစ်လျှင်တစ်ကြိမ် အနည်းဆုံးကျင်းပပြုလုပ်ပြီး ဒါရိုက်တာဘုတ်အဖွဲ့ (အောက်တွင်ကြည့်ပါ)ကို ရွေးကောက်တင်မြှောက်ပြီး၊ အခြားအရေးကြီးဆုံးဖြတ်ချက်များဖြစ်သည့် စည်းမျဉ်းစည်းကမ်းများချမှတ်ခြင်း၊ အထွေထွေရသုံးမှန်းခြေငွေစာရင်းကို အတည်ပြုခြင်း၊ အသံလွှင့်ရုံ၏ စည်းမျဉ်းများပြောင်းလဲခြင်း အစရှိ သည်တို့ကို ဆောင်ရွက်ပါသည်။

- **ဒါရိုက်တာဘုတ်အဖွဲ့**

၎င်းသည် အသံလွှင့်ရုံ၏ ဦးတည်ချက်ကိုချမှတ်ရန် တာဝန်ယူသည့်အဖွဲ့ဖြစ်ပြီး၊ အသံလွှင့်ရုံတစ်ခုလုံး၏ လုပ်ငန်းလည်ပတ်မှုများကို ကြီးကြပ်ပေးပါသည်။ အသံလွှင့်

ရုံ၏ လုပ်ငန်းရည်မှန်းချက်ကို အရောက်လှမ်းနိုင်စေရန် ဘုတ်အဖွဲ့မှ သေချာမှုရှိစေရပြီး၊ အသံလွှင့်ရုံမန်နေဂျာများကိုလည်း ခန့်အပ်ရပါသည်။ ဘုတ်အဖွဲ့သည် သုံးလလျှင်တစ်ကြိမ် တွေ့ဆုံလေ့ရှိပါသည်။ ဘုတ်အဖွဲ့ဝင်များသည် စေတနာ့ဝန်ထမ်းများဖြစ်ကြသည်။

- **အသံလွှင့်ရုံမန်နေဂျာ(များ)**

အသံလွှင့်ရုံမန်နေဂျာသည် အသံလွှင့်ရုံတစ်ခုလုံး၏လုပ်ငန်းလည်ပတ်မှုနှင့် နေ့စဉ်လုပ်ငန်းများကို ကြီးကြပ်ပေးရသည်။ အသံလွှင့်ရုံသည် လေလှိုင်းပေါ် အသံလွှင့်နေစဉ်တွင် ၎င်းတို့သည် အမြဲရှိနေရပြီး၊ ၎င်းတို့၏တာဝန်များတွင် အချိန်ဇယားရေးဆွဲခြင်း၊ ခေါင်းစဉ်များအတည်ပြုခြင်း၊ content များ တည်းဖြတ်ခြင်း၊ စေတနာ့ဝန်ထမ်းများနှင့် ငွေးကြေးများကို စီမံခန့်ခွဲပေးခြင်း စသည်တို့ပါဝင်သည်။ အသံလွှင့်ရုံ မန်နေဂျာ နေရာအား စေတနာဝန်ထမ်းအဖြစ် ဆောင်ရွက်နိုင်သော်လည်း လုပ်ရသည့် အလုပ်ပမာဏကြောင့် အခကြေးပေးသည့် ရာထူးအဖြစ်ထားရှိလေ့ ရှိပါသည်။

- **အခြားဖြစ်နိုင်ခြေရှိသော ရာထူးများ**

အသံလွှင့်ရုံတစ်ခု၏ အရင်းအမြစ်များအပေါ် မူတည်ပြီး အခြားနောက်ထပ် ဝန်ထမ်းရာထူးများသည် ခန့်အပ်ထားရှိနိုင်ပါမည်။ ယင်းရာထူးများတွင် ပရိုဂရမ်မန်နေဂျာ၊ နည်းပညာပိုင်းဆိုင်ရာမန်နေဂျာ၊ မားကက်တင်း/ရံပုံငွေရှာခြင်းဆိုင်ရာ မန်နေဂျာ (အခန်း ၄ ကိုကြည့်ပါ) စသည်တို့ပါဝင်သည်။ ရံပုံငွေသည် ကန့်သတ်ချက်များ ရှိနေခြင်းကြောင့် ယင်းတာဝန်များကို အသံလွှင့်ရုံမန်နေဂျာ သို့မဟုတ် တတ်ကျွမ်းသော စေတနာ့ဝန်ထမ်းများမှ တာဝန်ယူဆောင်ရွက်လေ့ရှိပါသည်။

## *ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတစ်ခု သဘောတူလက်ခံခြင်း*

လူထုရေဒီယိုတစ်ခု၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် အသံလွှင့်ရုံ၏ အခြေခံသဘောတရားများ၊ မူဝါဒများနှင့် စီမံအုပ်ချုပ်ရေးဖွဲ့စည်းတည်ဆောက်ပုံများကို ချမှတ်ပေးသည့် တရားဝင်စာတမ်းဖြစ်သည်။ ၎င်းအား လူထုရေဒီယို ဗဟိုအဖွဲ့မှ

မှုကြမ်းရေးဆွဲပြီး အထွေထွေညီလာခံမှ အတည်ပြုသင့်ပါသည်။ ၎င်းတွင် အောက်ပါ အချက်များပါဝင်နိုင်သည် -

- လုပ်ငန်းရည်မှန်းချက်နှင့် မျှော်မှန်းချက်များ
- ပန်းတိုင်များနှင့် ဦးတည်ချက်များ
- အသံလွှင့်ခြင်း/လွှမ်းခြုံမှုဧရိယာ
- အသံလွှင့်မည့်ဘာသာစကား(များ)
- အထွေထွေညီလာခံစည်းမျဉ်းများ
- လူထုရေဒီယိုအသင်းဝင်ခြင်းပုံစံ (ဆန္ဒရှိပါက)
- ဘုတ်အဖွဲ့ဆိုင်ရာ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ (လုပ်ငန်းသက်တမ်း၊ အရွယ်အစား အစရှိသည်)
- စီမံခန့်ခွဲရေးဖွဲ့စည်းတည်ဆောက်ပုံ
- ငွေကြေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ
- ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအားပြန်လည်ပြုပြင်ခြင်း
- လူထုရေဒီယိုအသံလွှင့်ရုံဖျက်သိမ်းခြင်း

## အဆင့် ၄။ ရေဒီယိုထုတ်လွှင့်မှုအစီအစဉ်ရေးဆွဲခြင်း

အသံလွှင့်ရုံသည် လေလှိုင်းပေါ်သို့ အသံမလွှင့်တင်မီ ၎င်းတွင် ထုတ်လွှင့်ရမည့် အကြောင်းအရာ content ရှိရပါမည်။ လိုင်စင်တစ်ခုမရရှိမီ လျှောက်ထားသူ အနေဖြင့် ထုတ်လွှင့်မည့် အစီအစဉ်အချိန်ဇယားကို တင်ပြရမည်ဟု ပြဋ္ဌာန်းထား ပါက ၎င်းအား တင်ပြပေးရမည်ဖြစ်သည်။

အသံလွှင့်ရုံအနေဖြင့် မိမိသည်တစ်ရက်လျှင် အချိန်မည်မျှထုတ်လွှင့်မည်ဟူသည်ကို ဆုံးဖြတ်ရပါမည်။ ဤသည် စေတနာ့ဝန်ထမ်းနှင့် ဝန်ထမ်းအရေအတွက်၊ ၎င်းတို့၏ စွမ်းဆောင်ရည်အပေါ်တွင်မူတည်ပါလိမ့်မည်။ **လူထုရေဒီယိုအများစုသည် တရက် လျှင် ၂၄ နာရီ၊ တစ်ပတ်လျှင် ၇ ရက်လုံး အသံလွှင့်လေ့မရှိပါ။** အများစုအနေဖြင့် တစ်ရက်လျှင် နာရီအနည်းငယ်သာထုတ်လွှင့်သည်။ အချို့သည် တစ်ပတ်လျှင်

နာရီ အနည်းငယ်သာ ထုတ်လွှင့်နိုင်သည်။ အသံလွှင့်ရုံသည် အခြေကျလာသည်နှင့်အမျှ စေတနာ့ဝန်ထမ်းလည်းများပြားလာပြီး ဝင်ငွေလည်းရရှိလာပါက အသံလွှင့်သည့် အချိန်ပမာဏကို တိုးချဲ့နိုင်ပါသည်။

အစည်းအဝေးများ သို့မဟုတ် ပွဲအစီအစဉ်များ၌ လူထုမှပြောပြချက်များအားဖြင့်လည်းကောင်း၊ "ရပ်ရွာအခြေပြမြေပုံရေးဆွဲခြင်း" ဆိုင်ရာ စစ်တမ်းအားဖြင့် လည်းကောင်း ရပ်ရွာပြည်သူများမှ မည်သို့သောအစီအစဉ်များကို ကြိုက်နှစ်သက်ကြသည်ဟူသည့် သဘောသဘာဝကို ရရှိလာနိုင်ပါလိမ့်မည်။ လူထုရေဒီယို၏ ရည်မှန်းချက်များကို ထောက်ဆလျှက် ရပ်ရွာလူထုအရေးကိစ္စများဆွေးနွေးခြင်း၊ ဒေသန္တရသတင်းများ၊ ရပ်ရွာလူထုဆိုင်ရာ ကြေညာချက်များ အစရှိသည်ကဲ့သို့သော ဒေသခံပြည်သူများနှင့် စပ်လျဥ်းသည့် အကြောင်းအရာ content များကို စီစဉ်ချမှတ်ခြင်းသည် အရေးကြီးလှပါပေသည်။ မိမိလွှမ်းခြုံလိုသည့်အကြောင်းအရာများစာရင်းကိုပြုစုပြီး ရက်တစ်ရက်၏ ထုတ်လွှင့်မှုအစီအစဉ်အချိန်ဇယားတွင် ထည့်သွင်းပေးခြင်းသည် ကောင်းပါသည်။ ဥပမာ၊ နားထောင်သူများသည် အင်္ဂါနေ့ နံနက် ၈ နာရီလျှင် အသံလွှင့်ရုံသည် ကျန်းမာရေးအကြောင်းကို ထုတ်လွှင့်မည်ဟု သိရှိနေခြင်းမျိုးဖြစ်သည်။

အောက်ဖော်ပြပါအစီအစဉ်သည် ခရေFM၏ ၂၀၁၈ ခုနှစ်ဦးပိုင်းက ပထမဆုံး အစီအစဉ် အချိန်ဇယားဖြစ်သည်။ ၎င်းတို့အနေဖြင့် တစ်ရက်လျှင် အကြောင်းအရာငါးခုဖြင့် စတင်ခဲ့သည် -

| | |
|---|---|
| အင်္ဂါနေ့ | ဘာသာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးရေး၊ DIY |
| ဗုဒ္ဓဟူးနေ့ | ဘာသာရေး၊ ဆယ်ကျော်သက်၊ အချက်အပြုပ်၊ တကိုယ်ငွေကြေးစီမံခန့်ခွဲမှု၊ အမျိုးသမီးရေးရာ၊ ကျန်းမာရေး |
| ကြာသပတေး | ဘာသာရေး၊ ယဉ်ကျေးမှု၊ မွေးမြူရေး၊ အလုအပ၊ ဖွံ့ဖြိုးတိုးတက်ရေး၊ DIY |

အကြောင်းအရာအလိုက် အစီအစဉ်တစ်ခုချင်းစီတိုင်းကို ကြိုတင်စီစဉ်ပြီး ထုတ်လုပ်ထားရပါမည်။ (ဥပမာ၊ စိုက်ပျိုးရေးအကြောင်းအရာအတွက် ပိုးသတ်ဆေးဘေးကင်းစွာ အသုံးချမှုနှင့်စပ်လျဉ်းပြီး လယ်သမားတစ်ဦးနှင့် အင်တာဗျူးခြင်း)။ သတင်းထောက်များ အနေဖြင့် သတင်းအချက်အလက်များကို စုဆောင်းနိုင်ရန် သို့မဟုတ် လိုအပ်သည့်အင်တာဗျူးများကို ဆောင်ရွက်နိုင်ရန် အစီအစဉ်များအားရက်သတ္တပတ်များစွာကြိုတင်ပြီး စီစဉ်ထားခြင်းက ကောင်းမွန်သော စိတ်ကူးဖြစ်သည်။ စိတ်ကူးအသစ်များရရှိရန်နှင့် သတင်းထောက်များအား သတင်းခေါင်းစဉ်များအလိုက်တာဝန်ချမှတ်နိုင်ရန်အတွက် အသံလွှင့်ရုံမန်နေဂျာအနေဖြင့် အပတ်စဉ်အယ်ဒီတာ ဆိုင်ရာအစည်းအဝေးများကို ပုံမှန်ကျင်းပပေးသင့်ပါသည်။

အစပြုအချိန်တွင် Formats ပုံစံများကို ရိုးရိုးရှင်းရှင်းလေးသာ ထားရှိသင့်သည်။ အင်တာဗျူးများ၊ အစည်းအဝေးများနှင့်မိန့်ခွန်းများကို အသံသွင်းယူခြင်း၊ vox-pops များ (မေးခွန်းတစ်ခုအပေါ် ရပ်ရွာလူထုဝင်များမှ တိုတိုတုတ်တုတ် ဖြေကြားချက်များကို အသံသွင်းပြီး ၎င်းတို့အားပြန်လည်တည်းဖြတ်ခြင်း) နှင့် စတူဒီယိုအခန်းအတွင်း ဆွေးနွေးမှုများသည် အစပြုကောင်းသည့် formats ပုံစံများဖြစ်သည်။ ပညာပေးဇာတ်လမ်းတိုများသည်လည်း လူကြိုက်များပါသည်။ စေတနာ့ဝန်ထမ်းများသည် ကျွမ်းကျင်မှုပိုမိုပြည့်ဝလာသည်နှင့်အမျှ ပို၍ရှုပ်ထွေးသော formats ပုံစံများကို မိတ်ဆက်ပေးနိုင်ပါသည်။

အတွေ့အကြုံနှင့် နားထောင်သူများထံမှ ပြောပြချက်များအပေါ် မူတည်ပြီး အစီအစဉ် အချိန်ဇယားအား ပြန်လည်သုံးသပ်မှုပုံမှန်ပြုလုပ်ပေးသင့်ပါသည်။ ပရိတ်သတ်များ တွင် ခေါင်းစဉ်အသစ်အတွက် အကြံပြုချက်များပေးခြင်း သို့မဟုတ် ထုတ်လွှင့်ခဲ့ သည့် အစီအစဉ်များအပေါ် စိတ်ဝင်စားမှုမရှိခြင်း ရှိတတ်ပါသည်။ သို့သော်လည်း ပြည်သူလူယု၏ အကြိုက်သည်ပြောင်းလဲနေတတ်သောကြောင့် ၎င်းတို့၏ ထား အမြင်ပေါ်တွင် အခြေခံပြီး အစီစဉ်များကို ၃ လတစ်ကြိမ် သို့မဟုတ် ၆ လတစ်ကြိမ် ပြောင်းလဲသင့်ပါသည်။

လူထုရေဒီယိုသည် ပညာပေးခြင်းနှင့် သတင်းအချက်အလက်ပေးခြင်းသက်သက်သာ မဟုတ်ဘဲ ဖျော်ဖြေမှုလည်းပါဝင်သင့်ပါသည်။ အသံထုတ်လွှင့်ချိန်တွင် တေးဂီတနှင့် သတင်းအချက်အ လက်ရောစပ်ခြင်း၊ အရေးကြီးအကြောင်းအရာနှင့် အရေးသိပ်မကြီးသောအကြောင်း အရာတို့ကို ရောစပ်ခြင်းတို့ပြုလုပ်ပါ။ မှတ်သားရန်မှာ - အသံလွှင့်ရုံသည် တေးသီးချင်းများအကြား စကားပြောအစီအစဉ် အနည်းငယ်သာပါဝင်သည့် တေးဂီတအသံလွှင့်ရုံတစ်ခုဖြစ်မလာသင့်ပါ။ ဦးစားပေးရမည့်အချက်မှာ ဒေသခံပြည်သူများအတွက် သတင်းအချက်အလက်ပံ့ပိုးပေးခြင်းအားဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်စေခြင်းဖြစ်သည်။

## အဆင့် ၅။ အသံထုတ်လွှင့်မှုဆိုင်ရာလိုင်စင်လျှောက်ထားခြင်း

အသံလွှင့်ရုံသည် လေလှိုင်းပေါ်မှအသံထုတ်လွှင့်မည်ဆိုပါက အစိုးရထံမှ လိုင်စင်တစ်ခုလိုအပ်ပါမည်။ လိုင်စင်တစ်ခုလျှောက်ထားရန်လိုအပ်သည့်အချက်များကို သင်သိရှိနားလည်ရမည်ဖြစ်ပြီး၊ လူထုရေဒီယိုအစပြုဆောင်ရာတွင်သည် သတ်မှတ်ချက်များနှင့်အညီဖြစ်စေရပါမည်။

၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံ၏ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ၌ လူထုရေဒီယိုအစပျိုးသူများအနေဖြင့် လိုင်စင်တစ်ခုလျှောက်ထားရန် အမျိုးသားရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာကောင်စီထံသို့ အောက်ပါစာရွက်စာတမ်းများကို တင်ပြရပါည်မ်။

၁။ လုပ်ငန်းအမည်နှင့်လုပ်ငန်းမှတ်ပုံတင်လက်မှတ်

၂။ အသေးစိပ်အချက်အလက်များပါဝင်သည့် လုပ်ငန်းစီမံချက်

၃။ နည်းပညာပိုင်းဆိုင်ရာအသေးစိတ်စီမံချက်

၄။ အစီအစဉ်တင်ဆက်မှုစီမံချက်

၅။ ကောင်စီကသတ်မှတ်သည့်လိုအပ်ချက်များ

ရေဒီယိုအသံလွှင့်လိုင်စင်အား သက်တမ်း ခုနှစ်နှစ် ပေးပါသည်။

# အဆင့် ၆။ စက်ပစ္စည်းများဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်း

ရေဒီယိုအသံလွှင့်ရုံအတွက် အလွန်တရာဈေးနှုန်းမြင့်သော (သို့) ရှုပ်ထွေးသော စက်ပစ္စည်းများ မလိုအပ်ပါ။ စက်ပစ္စည်းများတပ်ဆင်မှုတွင် အခြေခံအကျဆုံး အားဖြင့် လှိုင်းနှုန်းထုတ်လွှင့်မှုအားနိမ့်သည့် transmitter စက်တစ်လုံး၊ ၎င်းနှင့် ချိတ်ဆက်သည့် အန်တင်နာတိုင်၊ mp3 player စက်၊ စကားပြောမိုက်ခွက် microphone စသည်တို့ လိုအပ်ပါသည်။ အခြေခံထည့်သွင်းစဉ်းစားရမည်များမှာ -

## စတူဒီယို (Studio)

အစီအစဉ်ထုတ်လုပ်ပေးမည့်စတူဒီယိုကို စက်ပစ္စည်းများအတွက် နေရာအလုံအလောက်ရှိပြီး၊ လုပ်ကိုင်ဆောင်ရွက်သူများ လုပ်ငန်းဆောင်ရွက်နိုင်မည့် မည်သည့် အိမ် (သို့) အခန်းတွင်မဆို တည်ဆောက်တပ်ဆင်နိုင်ပါသည်။ စဉ်းစားပေးရမည့် အချို့သော အချက်များမှာ -

- ရပ်ရွာလူထုဝင်များမှ လက်လှမ်းမီနိုင်ခြင်း
- အခန်းငှားခ နည်းပါးခြင်း (သို့) မပေးရခြင်း
- ကိုယ်ကျိုးကိစ္စပါဝင်ပတ်သက်မှုမရှိသည့်နေရာ
- စက်ပစ္စည်းများနှင့် ဝန်ထမ်း/စေတနာဝန်ထမ်းများအတွက်လုံခြုံသောနေရာ
- လျှပ်စစ်စွမ်းအင်အရင်းအမြစ်ရရှိနိုင်ခြင်း
- ဆူညံသောပတ်ဝန်းကျင်မှ ဝေးကွာခြင်း (အသံလုံစေခြင်း ကိုကြည့်ပါ)။

## Transmitter စက်

ဤစက်သည်အသံထုတ်လွှင့်ရန် signal လှိုင်း ကိုထုတ်လွှတ်ပေးသည်။ Transmitter စက်၏ ပါဝါအားများလေလေ signal လှိုင်းသည်လည်း အဝေးသို့ ပိုရောက်လေလေ ဖြစ်သည် (AM လှိုင်းထက် FM အသံထုတ်လွှင့်ခြင်းလှိုင်းကို ရွေးချယ်ရခြင်းမှာ FM လှိုင်းသည် ပို၍နည်းပါးသော အီလက်ထရောနစ်ပါဝါကိုသာ လိုအပ်ပြီး ပို၍ရိုးရှင်းသောအန်တင်နာကိုအသုံးပြုပါသည်။ Stereo Transmitter စက်ထက် Mono Transmitter ကို ရွေးချယ်အသုံးပြုကြသည်။ အဘယ်ကြောင့်

ဆိုသော် Mono Transmitter စက်များသည် ဈေးနှုန်းပို၍ချိုသာပြီး ပို၍ကြီးမားသော လွှမ်းခြုံမှုဧရိယာ အတွက် ထုတ်လွှင့်မှုပေးနိုင်ပါသည်။) အောက်ဖော်ပြပါဇယားတွင် ၁၅ မီတာအမြင့် စိုက်ထူထားသည့် အန်တင်နာတိုင်ဖြင့် မြေပြန့်ဒေသအပေါ် လွှမ်းခြုံပေးနိုင်သည့် ကွဲပြားသော Transmitter စက်လိုင်းအား၏ လွှမ်းခြုံနိုင်မှု အကွာအဝေးကို နှိုင်းယှဉ် ဖော်ပြထားပါသည်။

- 1 watt - ၃ ကီလိုမီတာ အကွာအဝေးထိ
- 20 watts - ၁၆ ကီလိုမီတာအကွာအဝေးအထိ
- 100 watts - ၄၀ ကီလိုမီတာအကွာအဝေးအထိ
- 300 watts - ၄၀ ကီလိုမီတာအထက် အကွာအဝေး
- 500 watts = ၅၆ မီတာအထက် အကွာအဝေး

## အန်တင်နာနှင့် တာဝါတိုင် (Antenna and Mast)

Transmmitter ၏ signal  သည် အန်တင်နာမှတဆင့် ထုတ်လွှတ်ပါသည်။ ယင်း အန်တင်နာအား တာဝါတိုင်တစ်ခု၏ထိပ်တွင် တပ်ဆင်ပါသည်။ FM လှိုင်းများသည် line-of-site ပုံစံဖြင့်သွားသောကြောင့် signal ထုတ်လွှတ်သွားလာနိုင်မှုအတွက် အန်တင်နာ၏ အမြင့်သည် အရေးကြီးသောအချက်တစ်ခုဖြစ်သည်။ ၎င်းအား မြင့်မားသော အဆောက်အဦးတစ်ခုခုရှိက ၎င်းအပေါ်တွင်တပ်ဆင်နိုင်သည်။ သို့ရာတွင် တာဝါတိုင်တစ်ခုအပေါ်တွင်သာ ထပ်ဆင့်တပ်ဆင်လေ့ရှိသည်။ အန်တင်နာ တာဝါတိုင်အား သွပ်ရည်စိမ်ထားသည့် နစ်လက်မသံရေပိုက်လုံးများအား အချင်းချင်းချိတ်ထားခြင်းဖြင့်ပြုလုပ်နိုင်ပြီး၊ တည့်တည့်မတ်မတ်စိုက်ထူကာ ဘေးပတ်လည်မှ ကြိုးဖြင့် ခိုင်မြဲအောင်ထိန်းညှိတပ်ဆင်နိုင်ပါသည်။ အောက်ခြေအား ကွန်ကရစ်ဖြင့်အုတ်မြစ်ချနိုင်ပြီး မြေကြီးထဲသို့ တစ်စတုရန်းမီတာစိုက်ထူနိုင်ပါသည်။ တာဝါတိုင်အား အိမ်အမိုးပေါ်တွင်လည်း စိုက်ထူနိုင်သည်။ တောင်ကုန်းဒေသများတွင် အန်တင်နာတပ်ဆင်ထားသည့်တာဝါတိုင်အား တောင်ကုန်း သို့မဟုတ် တောင်ထိပ်အပေါ်တွင် ထားရှိရပါသည်။ တာဝါတိုင်အား မိုးကြိုးလွှဲတစ်ခုတပ်ဆင်ပြီး မြေကြီးထဲသို့ စိုက်ထားရန်လိုအပ်သည်။

## Mixer စက်

ဤစက်သည် မာလ်တီပယ်အသံအရင်းအမြစ်များအား ကွန်ပြူတာဖြင့်လည်းကောင်း၊ transmitter စက်ဖြင့်လည်းကောင်း တစ်ချိန်တည်းမှာပင် ချိတ်ဆက်နိုင်စေပါသည်။ ၎င်းသည် မိုက်ခရိုဖုန်းနှင့် အခြားအသံအရင်းအမြစ်များ(ဥပမာ၊ ကွန်ပြူတာ၊ လက်ကိုင်ဖုန်း) မှ အသံပမာဏများကို ထိန်းချုပ်နိုင်ပါသည်။ Mixer စက်များသည် အမျိုးအစား၊ ပုံသဏ္ဍာန်၊ အရွယ်အစား အမျိုးမျိုးဖြင့် ရှိပါသည်။

## ကွန်ပြူတာ

ခေတ်သစ်စတူဒီယိုမည်သည်မဆို၏ ဦးနှောက်ဖြစ်သည့် ယနေ့ခေတ် ကွန်ပြူတာများသည် သင့်လျော်သော playback software (ဥပမာ Zara Sutdio) နှင့် editing software (ဥပမာ Audacity သို့မဟုတ် Adobe Audition နှင့် sound card တစ်ခု ရှိနေပါက playback နှင့် တည်းဖြတ်မှုများကို ဆောင်ရွက်ပေးနိုင်ပါသည်။ Audio အသံပိုင်းတည်းဖြတ်မှုပရိုဂရမ်များသည် အသံပိုင်းဆိုင်ရာ word-processing ပရိုဂရမ်များကဲ့သို့ပင်ဖြစ်သည်။ အသံဖိုင်များကို ကွဲပြားသောနေရာများတွင် cut and paste ပြုလုပ်ခြင်း၊ အင်တာဗျူးအသံဖိုင်များကိုချုံ့တိခြင်း (trim)၊ အသံပမာဏကို ပို၍ကျယ်အောင် သို့မဟုတ် ပို၍တိုးအောင်လုပ်ပေးခြင်း၊ အသံများနှင့် စကားပြော ဆိုမှုများကို mix လုပ်ပေးခြင်း အစရှိသည်တို့ ဆောင်ရွက်နိုင်ပါသည်။ ကွန်ပြူတာ ဖြင့် audio အသံပိုင်းဆိုင်ရာတီးဖြတ်မှုပညာကို အထူးသဖြင့် ကွန်ပြူတာအခြေခံ ရရှိသူများမှအလွယ်တကူပင်သင်ယူ၍ရပါသည်။

**အခြားစက်ပစ္စည်းများ** (ဥပမာ၊ အသံဖမ်းစက်၊ မိုက်ခရိုဖုန်း၊ နားကြပ်)

**ဒစ်ဂျစ်တယ်အသံဖမ်းစက်များ။** ။ ဤစက်အား ပြင်ပသို့သွားပြီး အသံဖမ်းယူခြင်း၊ အင်တာဗျူးခြင်းပြုလုပ်ကာ စတူဒီယိုသို့ပြန်ယူလာခြင်းအတွက် ဖြစ်သည်။

**နားကြပ်များ။** ။ အပြင်တွင်အသံဖမ်းယူသည့်အသံ၏အရည်အသွေးကို သော်လည်းကောင်း၊ စတူဒီယိုတွင်ထအသံထုတ်လွှင့်မှုကိုသော်လည်းကောင်း ပြန်ကြားနိုင်စေရန်အတွက် အသုံးပြုသည်။

**မိုက်ခရိုဖုန်းများနှင့်ကေဘယ်လ်ကြိုးများ။** ။ စတူဒီယိုတွင် dynamic မိုက်ခရိုဖုန်း တစ်ခု သို့မဟုတ် တစ်ခုထက်ပိုများသော ပမာဏရှိသင့်ပြီး၊ mic-stand များလည်း ရှိရပါမည်။ ဒစ်ဂျစ်တယ်အသံဖမ်းစက်တစ်ခုစီတိုင်းတွင် မိုက်ခရိုဖုန်းတစ်ခုစီရှိသင့်ပါသည်။ အသံဖမ်းယူသည့်အခါ အသံ၏အရည်အသွေးသည် အသံဖမ်းစက်အပေါ် မူတည်သည်ထက် မိုက်ခရိုဖုန်းပေါ် တွင် သာ၍မူတည်ပါသည်။

**စမတ်ဖုန်းများ။** ။ ယနေ့ခေတ်တွင် စမတ်ဖုန်းတိုင်းလိုလို၌ အသံဖမ်းယူနိုင်သည့်စွမ်းဆောင်ရည်ရှိပြီး၊ အသံကို ဖုန်းဖြင့်ပင် တည်းဖြတ်နိုင်သည့် အခမဲ့ အပလီကေးရှင်းများ ဒေါင်းလုတ်ရရှိနိုင်ပါသည်။

## လျှပ်စစ်ဓာတ်အား

သင့်အနေဖြင့် လျှပ်စစ်မီးလိုင်းရရှိနေလင့်ကစား မီးပျက်သွားခဲ့လျှင်လည်း ဆက်လက်အလုပ်လုပ်နိုင်စေရန် မီးစက်တစ်လုံးဆောင်ထားသင့်ပါသည်။ အကယ်၍ ဆိုလာပြားများ သို့မဟုတ် အခြားလျှပ်စစ်ဓာတ်အားထုတ်ပေးသည့်နည်းလမ်းဖြင့် ဘက်ထရီများကို အားသွင်းရန်အသုံးပြုမည်ဆိုပါက ကျွမ်းကျင်သူများ၏ အကြံပြုချက်ကို အရင်ရယူစေလိုပါသည်။

## ထားရှိလိုက ထားရှိနိုင်သည့်စက်ပစ္စည်းများ

## တယ်လီဖုန်းဟိုက်ဘရစ်

၎င်းသည် တယ်လီဖုန်း signal အား audio signal အဖြစ်သို့ကူးပြောင်းပေးပြီး mixer ထဲသို့ထည့်သွင်းပေးနိုင်သည့်စက်ဖြစ်သည်။ ၎င်းအားဖြင့် ပြည်သူများ အသံလွှင့်ရုံအား ဖုန်းခေါ် ဆိုသည့်အခါ လေလှိုင်းပေါ် သို့ အသံအရည်အသွေးမပျက်ဘဲ ထုတ်လွှင့်ပေးနိုင်ပါသည်။ ယခုလျှင် အချို့သော mixer များ၌တယ်လီဖုန်း ဟိုက်ဘရစ်စနစ် ပါရှိပြီးသားများလည်းရှိနေပါသည်။

## UPS စက် (လျှပ်စစ်မပြတ်တောက်သွားစေရန်ထိန်းပေးသည့်စက်)

ဤစက်သည် လျှပ်စစ်ဓာတ်အားပြတ်တောက်သည့်အခါ အရေးပေါ်လျှပ်စစ်ဓာတ်အားပံ့ပိုးပေးပြီး၊ စတူဒီယိုစက်ပစ္စည်းများ လျှပ်စစ်မီးပြတ်တောက်ခြင်းကြောင့်ပျက်စီးသွားနိုင်ချေကို ကာကွယ်ပေးပါသည်။ ၎င်းသည် ဂျင်နရေတာမီးစက်နှင့်မတူပါ။ လျှပ်စစ်မီးပြတ်တောက်သွားသည့်အခါ ဓာတ်အားရပ်မသွားစေရန် အတွက် UPS အတွင်းမှ ဘက်ထရီများက ဓာတ်အားကိုချက်ခြင်းပံ့ပိုးပါသည်။ UPS စက်များမှ ဓာတ်အားထုတ်ပေးနိုင်သည့် အချိန်ကာလသည် တိုတောင်းပါသည် (မိနစ်အနည်းငယ်သာ ထိန်းပေးသည်)။ သို့သော် မီးပျက်သွားသည့်အခါ မီးစက်သွားနှိုးနေချိန် အခိုက်အတန့်အတွက် သော်လည်းကောင်း၊ ပျက်စီးလွယ်သော စက်ပစ္စည်းများကို ပိတ်ရန်အချိန်အတွက်လည်းကောင်း ပံ့ပိုးမှုပေးနိုင်ပါသည်။

## အသံလုံစေခြင်းနှင့် အသံတုံ့တင်မှုအားအားဖြေရှင်းခြင်း

လူထုရေဒီယို၏စတူဒီယိုအခန်းသည် အသံထုတ်လွှင့်နေစဉ်အတွင်း ပြင်ပအသံအတာတ်နိုင်ဆုံးလျော့နည်းပြီး အတော်အသင့် တိတ်ဆိတ်မှုရှိသင့်ပါသည်။ ကနဦးတွင် ဖော်ပြခဲ့ပြီးသည်အတိုင်း လူထုရေဒီယိုသည် အဆင့်မြင့် ပရောဖက်ရှင်နယ်ပီသရန် မဟုတ်သည့်အတွက် နောက်ခံမှ ဆူညံသံအချို့ရှိနေပါကလည်း အဆင်ပြေပါသည်။ သို့ရာတွင် ပြင်ပမှအသံများကို လျော့ချနိုင်သည့်နည်းလမ်းများရှိပါသည်။

**soundproofing (အသံလုံစေခြင်း)**ဟူသည် စတူဒီယိုအခန်းအတွင်းသို့ ပြင်ပမှ ဆူညံသံများဝင်လာခြင်းမှ ကာကွယ်ခြင်းဖြစ်သည်။ သင်၏စတူဒီယိုအခန်းသည် ကားသံများနှင့် အခြားအသံများမှ ဝေးကွာနေပါက၊ သို့မဟုတ် ပြတင်းပေါက်များ မရှိဘဲ တိုက်နံရံများဖြင့်အလုံပိတ်ထားသည့် အခန်းဖြစ်ပါက ကောင်းပါသည်။ သို့သော် ထိုသို့သောနေရာမျိုးကို အမြဲရရှိရန် မဖြစ်နိုင်ပါ။ အခန်းအား အသံလုံစေမည့် အခြားသောနည်းလမ်းများမှာ -

စတူဒီယိုအခန်းနံရံများနှင့် ပြတင်းပေါက်များ၊ အထူးသဖြင့် အဆောက်အအုံ၏ပြင်ပဘက်သို့မျက်နှာပေးနေသည့်နံရံများကို ဖုံးအုပ်ခြင်း (ဥပမာ ၁၂ မီလီမီတာအထူ နှစ်လွှာရှိသည့် ဂျပ်စင် gypsum ဘုတ်များကိုဖုန်းအုပ်ပြီး ၎င်းတို့အကြား ဖော့များကို ထားရှိခြင်းမျိုးဖြစ်သည်)။

- ကြမ်းပြင်တွင် ကော်ဇော်ခင်းခြင်း။
- ပြတင်းပေါက်/တံခါးများရှေ့တွင် သို့ဟုတ် နံရံအပေါ်တွင် ထူသောကုလားကာများ တပ်ဆင်ခြင်း။
- အပေါ်မျက်နှာကြက်တွင် ၁ လက်မအထူ ဖော့များကပ်ထားခြင်း။

**အသံတုံ့တင်မှုအားဖြေရှင်းခြင်း** ဟူသည် စတူဒီယိုအတွင်းရှိ ပဲ့တင်သံများကို လျော့ချခြင်းဖြစ်သည်။ ၎င်းအတွက် နံရံနှင့် မျက်နှာကြက်တို့၏ အချို့သောအပိုင်းများအား နူးညံ့သောပစ္စည်းများကပ်ထားခြင်းဖြင့် ဆောင်ရွက်နိုင်သည်။ အချို့သောနည်းလမ်းများမှာ -

- အတွင်းပိုင်းနံရံများတွင် လိုက်ကာများတပ်ဆင်ခြင်း၊
- နံရံများအပေါ်တွင် အသံလုံစေရန်အသုံးပြုသည့် ရေမြုပ်ဖော့အပြားများကို ကပ်ပေးခြင်း၊
- ဈေးနှုန်းတန်ဖိုးနည်းပါးသည့် နည်းလမ်းတစ်ချို့မှာ ကတ္တူပြား၊ ပလပ်စတစ်ဖော့ဖြူ စသည်တို့သည်လည်း ထိရောက်မှုရှိပါသည်။

## အဲယားကွန်းလေအေးပေးစက်

လေအေးပေးစက်သည် စတူဒီယိုစက်ပစ္စည်းများအတွက် အရေးကြီးပြီး၊ ရေဒီယိုတင်ဆက်သူများအတွက် သက်သောင့်သက်တာရှိစေပါသည်။ (စတူဒီယိုအခန်းများသည် ပူလောင်လာနိုင်သည်!)။ Split ခွဲထားသည့် လေအေးပေးစက်မျိုးသည် အသံတုံ့တင်မှုရှုထောင့်အရ အကောင်းဆုံးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အပြင်ပိုင်းတွင်တပ်ဆင်သည့် လေအေးပေးစက်အစိတ်အပိုင်း (ဆူညံသံ)ကို ပြတင်းပေါက်များမှ ဝေးဝေးကွာကွာ ထားရှိနိုင်သောကြောင့်ဖြစ်သည်။

# အဆင့် ၇။ သင်တန်း

လူထုရေဒီယိုအသံလွှင့်ရုံများအား ရေဒီယိုစတူဒီယိုခန်းထဲသို့ တစ်ကြိမ်မျှ မရောက်ဖူး၊ မိုက်ခရိုဖုန်းဖြင့်တစ်ကြိမ်မျှစကားမပြောဖူး၊ အသံလွှင့်ခြင်း သို့မဟုတ် စာနယ်ဇင်း

တွင် အတွေ့အကြုံမရှိဖူးသည့် ပုဂ္ဂိုလ်များက စတင်ဆောင်ရွက်ခြင်း၊ စီမံကွပ်ကဲခြင်း ပြုရလေ့ရှိပါသည်။ သို့ဖြစ်၍ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် မိုက်ခရိုဖုန်းမကိုင်မီ သို့မဟုတ် အသံထုတ်လွှင့်ရန် အစီအစဉ်တစ်ရပ်အား ထုတ်လုပ်မှုမပြုမီ သင်တန်းလိုအပ်ပါသည်။

အချို့သောအခြေခံကျွမ်းကျင်မှုပညာများအတွက် သင်တန်းပို့ချပေးရပါမည်။ သို့ရာတွင် အသံထုတ်လွှင့်သူတစ်ဦးချင်းစီတိုင်းအား အသံထုတ်လွှင့်မှု ပရောဖက်ရှင်နယ်များဖြစ်လာရန် မလိုအပ်ပါ။ အင်တာဗျူးခြင်း သို့မဟုတ် သတင်းရေးသားခြင်းတွင် ပရော်ဖက်ရှင်နယ်ပီသမှုအဆင့်မြင့်ဒီဂရီရှိခြင်းသည် ကျင့်ဝတ်စည်းကမ်းဆိုင်ရာလမ်းညွှန်ချက်များကို ကောင်းမွန်စွာသိရှိခြင်းနှင့် ရပ်ရွာလူထုနှင့်သက်ဆိုင်သည့် အစီအစဉ်များကို ထုတ်လုပ်နိုင်ခြင်းထက် ပို၍အရေးမကြီးပါ။

သင်တန်းအလုပ်ရုံဆွေးနွေးပွဲများကို လူထုရေဒီယိုစတင်တည်ထောင်မှုလုပ်ငန်းစဉ်ကနဦးပိုင်းတွင် အစပြုသင့်ပြီး အောက်ဖော်ပြပါခေါင်းစဉ်များ ပါဝင်သင့်ပါသည်။ အောက်တွင်ဖော်ပြသည့် သင်တန်းခေါင်းစဉ်စာရင်းသည် သင်တန်းပေးသင့်သည့် အရာများဖြစ်သည်။ ထိုအရာအားလုံးကို အလုပ်ရုံဆွေးနွေးပွဲတစ်ခုတည်းတွင် အားလုံးသိမ်းကျုံးပြီး သင်တန်းပို့ချ၍မဖြစ်နိုင်ပါ။ သို့သော် ခေါင်းစဉ်များကို စုပေါင်းခြင်း သို့မဟုတ် ရောနှောပြီး အလုပ်ရုံဆွေးနွေးပွဲ အတွဲလိုက် (series) ဖြင့် ပြုလုပ်နိုင်ပါသည်။

## လူထုရေဒီယိုဟူသည်အဘယ်နည်း။

- လူထုရေဒီယိုဆိုင်ရာအယူအဆနှင့် အခြေခံသဘောတရားများ

## ကျင့်ဝတ် (Ethics)

- လူထုရေဒီယိုအသံလွှင့်ရုံမှလိုက်နာရမည့် ကျင့်ဝတ်စံနှုန်းများနှင့် ကျင့်ဝတ်ဆိုင်ရာစည်းကမ်းများ၊ ဥပဒေများ
- အသရေဖျက်ခြင်းနှင့်အမုန်းစကားများကို ရှောင်ရှားခြင်း

အမျိုးသမီး၊ ကလေးနှင့် လူနည်းစုတို့၏ ဂုဏ်သိက္ခာနှင့်လူ့အခွင့်အရေးကို ထိခိုက်စေနိုင်သော အသံလွှင့်မှုများကို ရှောင်ရှားခြင်း။

## နည်းပညာ/စက်ပစ္စည်းပိုင်းဆိုင်ရာသင်တန်း

- အခြေခံကွန်ပြူတာသင်တန်း (Windows အသုံးပြုပုံ၊ keyboard, mouse, cut and paste စသည်တို့အား အသုံးပြုပုံ)
- စတူဒီယိုစက်များကိုင်တွယ်အသုံးပြုပုံ (မိုက်ခရိုဖုန်း၊ mixer စက်၊ အသံဖမ်းစက် အစရှိသည်များ)

## ရေဒီယိုနှင့်သတင်းပညာဆိုင်ရာ နည်းလမ်းများ

- အခြေခံသတင်းပညာ (သတင်းနှင့် သတင်းအချက်အလက်၊ 5Ws and H ၊ သတင်းအရင်းအမြစ်ရှာဖွေခြင်း၊ မေးခွန်းမေးမြန်းနည်း)
- ရေဒီယိုဆိုင်ရာအခြေခံနည်းလမ်းများနှင့်ပုံစံများ (လေလှိုင်းပေါ်သို့ စကားပြောခြင်း၊ အင်တာဗျူးခြင်း၊ ရေဒီယိုဆိုင်ရာပုံစံကွဲများ)
- အခြေခံထုတ်လုပ်ရေးနည်းလမ်းများ (အသံဖမ်းယူနည်း၊ ကွဲပြားသော ရေဒီယိုဆိုင်ရာformats များဖန်တီးနိုင်ရန် အသံပိုင်းဆိုင်ရာတည်းဖြတ်ရေး software များအသုံးပြုနည်း)

သင်တန်းပြီးဆုံးသည့်အခါအတိုင်းအတာတစ်ခုအထိ ကျွမ်းကျင်မှုတတ်မြောက်ပြီး တတ်ကြွမှုရှိသော လုံလောက်သည့် လူအရေအတွက်ကျန်ရစ်စေရန် လိုအပ်သည့် ပမာဏထက် ပိုများသော လူများကို သင်တန်းပို့ချပေးနိုင်ပါက ကောင်းပါသည်။

လူအများအား သင်တန်းပေးခြင်းဖြင့်ရင်းနှီးမြုပ်နှံမှုမပြုမီ ထိုသူတို့သည် ပုံမှန်အနေအထားဖြင့် စေတနာ့ဝန်ထမ်းအဖြစ်အချိန်ပေးနိုင်သူများဖြစ်ကြောင်း သေချာစေပါ။ ထိုသူတို့သည် ဒေသခံပြည်သူများဖြစ်ရမည်၊ အကျင့်စာရိတ္တကောင်းမွန်ရမည်၊ စကားအပြောအဆိုမှု ဆက်သွယ်ရေးဆိုင်ရာကျွမ်းကျင်မှု ပိုင်ဆိုင်ထားသူများဖြစ်ရ

ပါမည်။ အမှန်စင်စစ် ရေဒီယိုဟူသည် လူသားအချင်းချင်း စကားပြောဆိုကြခြင်းပင်ဖြစ်ပေသည်။

## သင်တန်းဆက်တိုက်စီစဉ်ပေးခြင်း

လူထုရေဒီယိုအသံလွှင့်ရုံတစ်ခုအတွက် သင်တန်းပို့ချခြင်းသည် ဆက်တိုက်ရှိရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လက်ရှိစေတနာ့ဝန်ထမ်းများသည် ထွက်ခွါသွားပြီး စေတနာ့ဝန်ထမ်းအသစ်များ အမြဲတမ်း ရောက်ရှိလာဦးမည်ဖြစ်သည်။ သင်တန်းများကို မိတ်ဘက်အဖွဲ့အစည်းများ သို့မဟုတ် အလှူရှင်အဖွဲ့အစည်းများက စီစဉ်ပေးနိုင်ပါသည်။ သို့သော် အတွေ့အကြုံရှိပို၍ရှိသော စေတနာ့ဝန်ထမ်းများက လူသစ်များကို သင်တန်းပြန်လည်ပို့ချပေးခြင်းက ကောင်းမွန်သော စိတ်ကူးတစ်ခုဖြစ်သည်။ အသံလွှင့်ရုံအနေဖြင့်လည်း စေတနာ့ဝန်ထမ်းအသစ်များအတွက် သင်တန်း အလုပ်ရုံဆွေးနွေးပွဲများကို ပုံမှန်ကျင်းပပေးနိုင်ပြီး၊ ထိုသို့သော သင်တန်းများ မည့်သည့်အခါ ပြုလုပ်မည်ဟူသည်ကို လူထုထံသို့ အကြောင်းကြားပေးရပါမည်။

ထို့အပြင် အတွေ့အကြုံရင့်ကျက်လာသော စေတနာ့ဝန်ထမ်းများအတွက် ပို၍ခက်ခဲရှုပ်ထွေးမှုရှိသော ရေဒီယို Formats များဆိုင်ရာ အဆင့်မြင့်သင်တန်းများ စီစဉ်ပေးခြင်းသည် မိမိ၌ရှိသည့် လူကောင်းများအတွက် ဆွဲဆောင်မှုတစ်ခုဖြစ်လာနိုင်ပြီး ပို၍တတ်ကြွမှုကို ဖြစ်စေနိုင်ပါသည်။

## သင်တန်းဖလှယ်မှုများ/လေ့လာရေးများ

မြန်မာနိုင်ငံတွင် လူထုရေဒီယိုသည် ပို၍အခြေခိုင်မှုဖြစ်လာသည်နှင့်အမျှ ပိုများလာသော အသံလွှင့်ရုံများ ပေါ်ပေါက်လာသည့်အခါ သင်တန်းအတွက် အတူတကွ ပူးပေါင်းလာနိုင်ကြပါမည်။ အစပြုအသံလွှင့်ရုံများအနေဖြင့် အခြေခိုင်ပြီးဖြစ်သည့်၊ ကောင်းစွာလည်ပတ်နေပြီဖြစ်သည့် အသံလွှင့်ရုံများထံသွားရောက်လည်ပတ်ပြီး လေ့လာခြင်း၊ လက်တွေ့ကျကျအတွေ့အကြုံယူခြင်း၊ နေ့စဉ်လုပ်ငန်းလည်ပတ်မှုများ မည်သို့ဖြစ်သည်ဟူသည်ကို ကြည့်ရှုခြင်းတို့ကို ဆောင်ရွက်နိုင်ပါမည်။

**အဆင့် ၈။ စတင်ထုတ်လွှင့်ခြင်း**

ပြင်ဆင်မှုလုပ်ငန်းအမြောက်အများဆောင်ရွက်ခြင်း၊ ရပ်ရွာလူထုထံ သုတေသန ပြုခြင်းနှင့် စည်းရုံးလှုံ့ဆော်မှုဆောင်ရွက်ခြင်း၊ လိုင်စင်လျှောက်ထားခြင်း၊ စေတနာ့ ဝန်ထမ်းများ သင်တန်းပေးခြင်း၊ အစီအစဉ်အချိန်ဇယားရေးဆွဲခြင်းနှင့် လုပ်ငန်း လည်ပတ်နိုင်မည့် ရေဒီယိုအသံလွှင့်ရုံအတွက် စက်ပစ္စည်းများ တပ်ဆင်ခြင်း အစရှိ သည်တို့ကို သင်ပြုလုပ်ခဲ့ပြီးပါက၊ လုပ်ငန်းတွင် ပါဝင်သူအားလုံး စက်ပစ္စည်းများ အကြောင်း သေချာစွာသိရှိရန်သော်လည်းကောင်း၊ ယုံကြည်မှုတည်ဆောက်ရန် အတွက်သော်လည်းကောင်း ရက်သတ္တပတ်အနည်းငယ်ခန့် စမ်းသပ်ထုတ်လွှင့်မှု ဆောင်ရွက်သင့်ပါသည်။

ယခုတွင် လေလှိုင်းပေါ် သို့ အသံထုတ်လွှင့်ရန်အချိန်ကျပါပြီ !

ယခုအချိန်အထိ သင်၏ပြီးမြောက်အောင်မြင်မှုအတွက်က ဂုဏ်ယူသင့်ပါသည်။ ရပ်ရွာလူထုကို ဖိတ်ကြားပြီး ဖွင့်ပွဲတစ်ခု လုပ်သင့်သည် မဟုတ်ပေဘူးလား။ ရပ်ရွာ လူထုကလည်း လူထုရေဒီယိုမှမိမိတို့အတွက် စွမ်းဆောင်နိုင်မည့်အရာများ၊ မိမိတို့ ဘက်မှလည်း လူထုရေဒီယိုအသံလွှင့်ရုံအတွက် ကူညီပေးနိုင်မည့်အရာများကို မြင်တွေ့လာမည်ဖြစ်ပေသည်။

*အခန်း ၃*

# လူထုရေဒီယိုအသံလွှင့်ရုံတစ်ခုအတွက် ငွေကြေးထောက်ပံ့မှု

လူထုရေဒီယိုသည် ပုံမှန်အားဖြင့် အခြားသောမီဒီယာလုပ်ငန်းမျိုးကဲ့သို့ အသုံးစရိတ်များစွာဖြင့် ဆောင်ရွက်ရသည်မဟုတ်ပါ။ လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်သည် နည်းပါသည် (ပုံနှိပ်ထုတ်ဝေမှု သို့မဟုတ် TV ကင်မရာများ မလိုအပ်ပါ)။ အသံလွှင့်ရုံအား စေတနာ့ဝန်ထမ်းများအားဖြင့် လည်ပတ်ဆောင်ရွက်ပါသည်။

သို့ရာတွင် လူထုရေဒီယိုအသံလွှင့်ရုံများအတွက် ငွေကြေးဆိုင်ရာရေရှည်တည်တံ့မှုသည် စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်နေပါသေးသည်။ အဘယ်ကြောင့်ဆိုသော် လျှပ်စစ်ဓာတ်အားစရိတ်၊ ဝန်ထမ်းများ၏ကုန်ကျစရိတ်၊ ရုံးထောက်ပံ့ရေးပစ္စည်းများ၊ ဘက်ထရီများ အစရှိသည်တို့အတွက် ကုန်ကျစရိတ်များ ရှိနေပါသည်။ လူထုရေဒီယိုများ အစပျိုးသူများအနေဖြင့် ကုန်ကျစရိတ်များမည်သို့လျှော့ချမည်၊ ဝင်ငွေမည်သို့ရရှိနိုင်မည်ဟူသည်တို့အား အစပြုသည့်အချိန်ကတည်းက စဉ်းစားထားရန် အရေးကြီးပါသည်။

## ဝင်ငွေရရှိနိုင်မည့်နည်းလမ်းမျိုးစုံရှိခြင်းသည် အကောင်းဆုံးဗျူဟာဖြစ်သည်။

လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်ကို ကျခံဖြေရှင်းပေးနိုင်မည့်ငွေသည် နည်းလမ်းတစ်ခု (သို့မဟုတ်) အရင်းအမြစ်တစ်ခုတည်းက မဖြစ်သင့်ပါ။ ယင်းအရင်းအမြစ်မှ ထောက်ပံ့ငွေ ရပ်တန့်သွားပြီး အသံလွှင့်ရုံသည် အခြားအစီအမံမရှိထားပါက အသံလွှင့်ရုံပိတ်သိမ်းသွားနိုင်ပါသည်။ ထို့ကြောင့် ဝင်ငွေရရှိစေနိုင်သော အခြားနည်းလမ်းများကို မေးမြန်းခြင်း၊ ရှာဖွေခြင်း၊ လုပ်ဆောင်ကြည့်ခြင်းတို့ဖြင့် ကြိုတင်စဉ်းစားဆောင်ရွက်ထားသင့်ပါသည်။

## မြန်မာနိုင်ငံ၌လူထုရေဒီယိုအတွက်ဖြစ်နိုင်ခြေရှိသောရံပုံငွေအရင်းအမြစ်များ

မြန်မာနိုင်ငံ၏ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေသည် စီးပွားဖြစ်မဟုတ်သည့် ရုပ်သံထုတ်လွှင့်သူများအတွက် အောက်ပါအတိုင်း ရံပုံငွေရရှိနိုင်မည့် နည်းလမ်းများကို ခွင့်ပြုပေးထားပါသည် (ပုဒ်မ ၅၈) =

က) သက်ဆိုင်ရာဒေသခံများ၏ စေတနာ့အလျောက်ထည့်ဝင်လှူဒါန်းငွေများ၊
ခ) ပြည်တွင်း ပြည်ပမှပူးပေါင်းဆောင်ရွက်သူများ၏ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာကြိုတင်ပြဌာန်းချက်များမပါဝင်သော စေတနာအလျောက်လှူဒါန်းမှုများ၊
ဂ) ဒေသဆိုင်ရာကြော်ငြာများမှ ရရှိသောဝင်ငွေများ၊
ဃ) ထုတ်ကုန်ပစ္စည်းများ ရောင်းချခြင်းမှရရှိသော အမြတ်အစွန်းများ၊
င) ယင်းတို့၏လုပ်ငန်းနှင့်သက်ဆိုင်၍ဥပဒေနှင့်အညီရရှိသောဝင်ငွေများ။

အောက်ဖော်ပြပါအချက်များသည် ဥပဒေတွင်ဖော်ပြသည့် နည်းလမ်းများအား အသေးစိပ်ရှင်းပြပေးထားပြီး၊ ဖြစ်နိုင်ဖွယ်ရှိသည့်အချက်များကိုလည်း အနည်းငယ် တိုးချဲ့ဖော်ပြထားသည်။ သို့သော် ၎င်းသည် ပြည့်စုံစေ့စပ်သည်တော့မဟုတ်ပါ။ မိမိတို့၏ ရံပုံငွေရရှိရေးအတွက် တီထွင်ကြံဆမှုပြုပြီး၊ မိမိဒေသတွင် မည်သည့်နည်းလမ်းက အလုပ်ဖြစ်သည်ကို စဉ်းစားပေးပါ။

## ဒေသခံများ၏စေတနာ့အလျောက်ထည့်ဝင်လှူဒါန်းငွေများ

အချို့သောအသံလွှင့်ရုံများသည် မိမိတို့၏ရပ်ရွာလူထုထံမှ ထည့်ဝင်လှူဒါန်းငွေကို တောင်းခံပါသည်။ စေတနာ့အလျောက်ထည့်ဝင်လှူဒါန်းမှုသည် ငွေကြေးအားဖြင့် ဖြစ်နိုင်သည်။ သို့သော် အမြဲတမ်း ငွေကြေးချည်းမဟုတ်ပါ။ လုပ်အားပေးခြင်း၊ ထောက်ပံ့ပစ္စည်းများ၊ အခြားသောပစ္စည်းများဖြင့်လည်း ထည့်ဝင်လှူဒါန်းနိုင်သည်။ အချို့သောလူထုရေဒီယိုအသံလွှင့်ရုံများသည် စတူဒီယိုဆောက်လုပ်ခြင်း၊ အန်တင်နာတိုင် ဆောက်လုပ်တပ်ဆင်ခြင်းကို လူထုမှ စိတ်ရင်းကောင်းဖြင့် ပါဝင်လှူဒါန်းမှုအားဖြင့် ဆောင်ရွက် ကြသည်။

## အသင်းဝင်ကြေး/ပုံမှန်ထည့်ဝင်လှူဒါန်းငွေ

သောတရှင်များထံမှ ရေဒီယိုအသံလွှင့်ရုံတွင် အသင်းဝင်ခြင်းအတွက် ၎င်းတို့ထံမှ အနည်းငယ်သောအသင်းဝင်ကြေးတောင်းခံခြင်းသည် နည်းလမ်းတစ်ခုဖြစ်သည်။ ဤနည်းလမ်းသည် အသံလွှင့်ရုံနှင့် ပြည်သူလူထုအား ချိတ်ဆက်ပေးရန် ကူညီပေးနိုင်ပါသည်။ အသင်းဝင်ကြေးပေးသွင်းခြင်းအားဖြင့် ထိုသူတို့အား အသံလွှင့်လုပ်ငန်းတွင် တစ်ပိုင်းတစ်စပါဝင်နေကြောင်း ခံစားစေပါသည်။ ထိုသူတို့အနေဖြင့်လည်း

အချို့သောအကျိုးကျေးဇူးများကို ရရှိနိုင်ပါသေးသည် (ဥပမာ အထူးပွဲအစီအစဉ်များ၊ လေ့လာရေးခရီးစဉ်များ စသည်တို့တွင် ဖိတ်ကြားမှုရရှိခြင်းမျိုး)။ သို့ရာတွင် လူထု အသိုင်းအဝိုင်း၏ စီးပွားရေးအခြေအနေအရ ထိုသို့အသင်းဝင်ကြေးကောက်ခံမှုမျိုး ရှိသင့်၊မရှိသင့်ကို အသံလွှင့်ရုံမှ ဆုံးဖြတ်ပေးရပါမည်။

## မိတ်ဘက်အဖွဲ့အစည်းများထံမှ ထည့်ဝင်လှူဒါန်းငွေများ

ဒေသန္တရ၊ ပြည်တွင်း သို့မဟုတ် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများထံမှ ထည့်ဝင်လှူဒါန်းငွေများရရှိခြင်းသည် သာမန်ဖြစ်နေကျဖြစ်သည်။ အထူးသဖြင့် စက်ပိုင်းဆိုင်ရာ တပ်ဆင်မှုကုန်ကျစရိတ်များအတွက် ဖြစ်သည်။ မြန်မာနိုင်ငံတွင် လူထုရေဒီယိုအစပျိုးမှုများကိုပံ့ပိုးပေးသည့်အဖွဲ့အစည်းများကို ရှာဖွေပြီး သူတို့နှင့် ဆက်သွယ်ပါ။

***သတိထားရမည့်အချက်!*** - ကနဦးကုန်ကျစရိတ်များအတွက် အလှူရှင်များရရှိခြင်းသည် အလွန်အထောက်အကူပေးပါသည်။ သို့သော် ထိုသူတို့၏ပံ့ပိုးမှုအပေါ်တွင်သာ လုံးလုံးအမှီအခိုပြုခြင်းမဖြစ်လာစေပါနှင့်။ ထောက်ပံ့ငွေများသည် တစ်ချိန်ချိန်တွင် လျော့နည်းလာပြီး၊ ရပ်တန့်သွားတတ်သည်ဖြစ်ရာ အသံလွှင့်ရုံအနေဖြင့် အခြားသော ဝင်ငွေရရှိနိုင်ရာအရင်းအမြစ်များကို ဖော်ထုတ်ထားသင့်ပါသည်။

## ကြော်ငြာကဏ္ဍနှင့်စပွန်ဆာရယူခြင်း

ကြော်ငြာကဏ္ဍနှင့် စပွန်ဆာရယူခြင်းသည် ဝင်ငွေရရှိရန်အတွက် လုပ်လေ့လုပ်ထရှိသောအရာဖြစ်သည်။ ဒေသခံစီးပွားရေးလုပ်ငန်းများနှင့်ဆက်သွယ်ပြီး မိမိတို့၏ အသံလွှင့်ရုံတွင် ကြော်ငြာထည့်ဝင်ရန် စိတ်ဝင်စားမှုရှိမရှိအား စုံစမ်းပါ။ မိမိရပ်ရွာလူထုမှ ကျခံနိုင်မည့် ဈေးနှုန်းတန်ဖိုးလက်ကမ်းစာစောင်များပြုလုပ်ပြီး၊ စီးပွားရေးလုပ်ငန်းရှင်များမှ ကြော်ငြာထည့်ဝင်စေရန် ကမ်းလှမ်းပါ။

***သတိထားရမည့်အချက်!*** – ကြော်ငြာရှင်တစ်ဦးမှ မလိုအားအပ်သည့်လွှမ်းမိုးမှုများ မရှိစေရန် ရှောင်ရှားပါ။ စီးပွားရေးလုပ်ငန်းတစ်ခုမှ ကြော်ငြာအတွက် ငွေကြေးအမြောက်အများ ပေးထားပါလျှင်လည်း အယ်ဒီတာဆိုင်ရာသတင်းပါဝင်မှု content အပေါ်တွင် ဆုံးဖြတ်ချက်မချပါစေနှင့်။ မိမိအသံလွှင့်ရုံတွင် ကြော်ငြာမှုမပြုမည့်

ထုတ်ကုန်အမျိုးအစားအချို့ ရှိမရှိကိုလည်း စဉ်းစားပါ။ ကြော်ငြာအမျိုးအစားများ သည် အသံလွှင့်ရုံ၏ အများပြည်သူဝန်ဆောင်မှုလက္ခဏာနှင့် ဆန့်ကျင်ဘက်လုံးဝ မဖြစ်သင့်ပါ။

## ကုန်ပစ္စည်းများရောင်းချခြင်း

အချို့သောအသံလွှင့်ရုံများသည် တီရှပ်၊ ခွက်၊ ဆပ်ပြာ သို့မဟုတ် အခြားကုန်ပစ္စည်း များအား အသံလွှင့်ရုံအမည်၊ ၊၀၅၀ တံဆိပ်ဖြင့်ရောင်းချတတ်ပါသည်။ ကုန်ပစ္စည်း များသည် ဝယ်ယူရရှိနိုင်ပြီး အသံလွှင့်ရုံအတွက် အလှူထည့်ဝင်နိုင်ပါသည်။ ဤ သည် အသံလွှင့်ရုံအကြောင်း အများသိရှိစေမည့် နည်းလမ်းကောင်းတစ်ခုဖြစ်ပြီး ရပ်ရာလူထုနှင့်ဆက်ဆံရေးကို မြှင့်တင်စေနိုင်ပါသည်။

## အများပြည်သူဝန်ဆောင်မှုဆိုင်ရာကြေညာချက်များ

ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအစရှိသည့် ကိစ္စရပ်များဆိုင်ရာ အကြောင်းအရာ များနှင့်စပ်လျဉ်းသည့် အများပြည်သူဝန်ဆောင်မှုသတင်းစကားများကို လွှင့်တင်ပေး ခြင်းသည် ဝင်ငွေရရှိနိုင်စေပါသည်။ ထိုသို့သော သတင်းလွှင့်တင်စေလိုသူများသည် အစိုးရအဖွဲ့အစည်းများနှင့် အန်ဂျီအိုများဖြစ်လေ့ရှိသည်။ ဒေသန္တရ အစိုးရတာဝန်ရှိ သူများနှင့် ပြည်တွင်း၊နိုင်ငံတကာ အန်ဂျီအိုများထံသို့ ဆက်သွယ်ပြီး စိတ်ဝင်စားမှု ရှိမရှိကို စုံစမ်းပါ။

## ရပ်ရွာလူထုဆိုင်ရာသတင်းစကားများ/တေးသီချင်းတောင်းဆိုမှုများ

လူထုရေဒီယိုအသံလွှင့်ရုံသည် "လူထုတယ်လီဖုန်း" သို့မဟုတ် "လူထုကြော်ငြာ သင်ပုန်း" တစ်ခုဖြစ်လာနိုင်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းစကားများ၊ မွေးနေ့ နာရေးကြေညာမှု၊ လူမှုရေးပွဲတော်အစီအစဉ်များအတွက်ဖိတ်ကြားမှု၊ တေးသီချင်း တောင်းဆိုမှု စသည်တို့အတွက် အသံလွှင့်ရုံမှ အခကြေးအနည်းငယ်ကောက်ခံပြီး ထုတ်လွှင့်ပေးနိုင်ပါသည်။ ဝင်ငွေရရှိနိုင်သည့် အခြားတစ်ဘက်တွင် သတင်းဖြန့်ဝေ ပေးသည့် ဝန်ဆောင်မှုသည် လူထု၏ပါဝင်လာမှုအတွက် နည်းလမ်းတစ်ခုဖြစ်ပြီး နှစ်ဦးနှစ်ဘက်အကြား ရင်းနှီးချိတ်ဆက်မှုကို ဖြစ်စေပါသည်။ ထိုသို့သော သတင်း

ဖြန့်ဝေပေးသည့်ဝန်ဆောင်မှုမျိုးသည့် ဆက်သွယ်ရေးဆိုင်ရာအခြေခံအဆောက်အအုံ အားနည်းသည့်ဒေသများအတွက် အထူးပင်အသုံးဝင်မည်ဖြစ်သည်။

### ဝန်ဆောင်မှုများရောင်းချခြင်း

လူထုရေဒီယိုအသံလွှင့်ရုံများအနေဖြင့် မိမိ၏စက်ပစ္စည်းများနှင့် ကျွမ်းကျင်မှုများကို အသုံးပြုရသည့်ဝန်ဆောင်မှုများအတွက် အခကြေးကောက်ခံနိုင်ပါသည်။ အသံလွှင့်ရုံသည် အစိုးရ၊ အန်ဂျီအိုများ သို့မဟုတ် ပုဂ္ဂလိကကဏ္ဍအတွက် ကြော်ငြာများ၊ အကြောင်းကြားမှုများ၊ မှတ်တမ်းအစီအစဉ် (documentaries) များ သို့မဟုတ် ပညာရေးအစီအစဉ်များစသည်တို့ကို ဖန်တီးထုတ်လုပ်ပေးနိုင်ပါသည်။ ထို့အပြင် အသံပိုင်းဆိုင်ရာစက်ပစ္စည်း၊ တေးဂီတပစ္စည်း၊ DJ စက် စသည်တို့အား ပွဲတော်များ၊ ပါတီပွဲများအတွက် ငှါးရမ်းသည့် ဝန်ဆောင်မှုမျိုးကိုလည်း ပေးနိုင်ပါသည်။

### အသံလွှင့်ချိန်ငှါးရမ်းခြင်း (Rental of airtime)

အချို့သောအသံလွှင့်ရုံများသည် အခြားသောအဖွဲ့အစည်းများထံသို့ အသံလွှင့်ချိန်ကို ငှါးရမ်းပေးခြင်းဖြင့် မိမိတို့၏ကုန်ကျစရိတ်များအချို့ကို ဖြည့်စွက်ပေးလေ့ရှိသည်။ အသံလွှင့်ရုံစီမံခန့်ခွဲရေးအဖွဲ့အနေဖြင့် မိမိတို့၏အသံလွှင့်လိုင်းတွင် မည်သို့သော အုပ်စုများကိုသာ ခွင့်ပြုမည်ဟူသည့် လမ်းညွှန်ချက်များကို ချမှတ်သင့်ပါသည်။

## တာဝန်ခံမှုရှိပါ

လူထုအခြေပြုအသံထုတ်လွှင့်သူများအနေဖြင့် မိမိတို့၏ ဘဏ္ဍာရေးနှင့် ထောက်ပံ့ငွေအရင်းအမြစ်များနှင့်စပ်လျဉ်းပြီး ရပ်ရွာလူထုထံသို့တာဝန်ခံမှုရှိစေရန် ယူနက်စကိုအဖွဲ့အစည်းမှ အလေးပေးဖော်ပြထားပါသည်။ ဆိုလိုသည်မှာ ဝင်ငွေ၊ ထွက်ငွေအားလုံး၏မှတ်တမ်းများကို သေချာစွာထိန်းသိမ်းပြီး၊ ဘဏ္ဍာရေးချုပ်ချက်ကို အထွေထွေညီလာခံသို့ တင်ပြပေးရန်ဖြစ်သည်။

## လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်တစ်ခုဖန်တီးခြင်း

ငွေကြေးဆိုင်ရာရေရှည်တည်တံ့မှုအတွက် နောက်ထပ်ခြေလှမ်းတစ်ခုမှာ အသံလွှင့်

ရုံအား လည်ပတ်ရာတွင်ပါဝင်သည့် အသုံးစရိတ်များကိုသော်လည်းကောင်း၊ ရရှိသည့် ဝင်ငွေသည် အသုံးစရိတ်အတွက် လုံလောက်မှုရှိမရှိကိုသော်လည်းကောင်း သိရှိခြင်းဖြစ်သည်။ ထိုအတွက် လုပ်ငန်းဆောင်ရွက်မှုအစီအစဉ် (business plan) တစ်ခုသည် အကူအညီပေးနိုင်ပါသည်။ ၎င်းသည် လုပ်ငန်းဆောင်ရွက်မှုတစ်ခု၏ ဦးတည်ချက်များသို့ အစီအစဉ်တစ်ခုနှင့်အတူ မည်သို့ အရောက်လှမ်းနိုင်မည်ဟူသည်အား အကျဉ်းချုပ်ပေးပါသည်။ အသံလွှင့်ရုံ၏ လှုပ်ရှားမှုများကို လမ်းညွှန်ပေးပြီး ရေရှည်တည်တံ့မည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဦးတည်ချက်တစ်ခုကို ပေးသည့် လမ်းပြမြေပုံတစ်ခုအဖြစ် ဆောင်ရွက်ပေးပါသည်။ **မြန်မာနိုင်ငံတွင် FM လိုင်စင်တစ်ခုရရှိနိုင်ရန် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာအစီအစဉ်တစ်ခုလိုအပ်ပါသည်။**

ရသုံးမှန်းခြေငွေစာရင်း (budget) တစ်ခုသည် လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်တစ်ခု၏ အစိတ်အပိုင်းဖြစ်သည်။ အောက်ဖော်ပြပါ ဇယားတွင် လူထုရေဒီယိုအတွက် ဖြစ်နိုင်ဖွယ် အသုံးစရိတ်များနှင့် ဝင်ငွေရရှိနိုင်မည့် အရင်းအမြစ်များဖြစ်သည်။

| **ကုန်ကျစရိတ်အကြောင်းအရာ (Cost Item)** | **ကျပ်** |
|---|---|
| ဝန်ထမ်းစရိတ် | Xxx |
| လျှပ်စစ်ဓာတ်အားခ | Xxx |
| ဖုန်းခေါ် ဆိုမှုစရိတ် | Xxx |
| သွားလာစရိတ် | Xxx |
| စက်ပစ္စည်းထိန်းသိမ်းမှု | Xxx |
| သင်တန်း | Xxx |
| အခကြေးများ | Xxx |
| အခြားအစီအစဉ်ကုန်ကျစရိတ်များ | Xxx |
| ရုံးသုံးပစ္စည်းများ | Xxx |
| **စုစုပေါင်းကုန်ကျစရိတ်** | **Xxx** |

| **ဝင်ငွေအရင်းအမြစ် (Income Source)** | **MMK** |
|---|---|
| ကြော်ငြာ (Advertising) | Xxx |
| စပွန်ဆာရယူခြင်း | Xxx |
| ထောက်ပံ့ငွေများ | Xxx |
| ကုန်ပစ္စည်းရောင်းချခြင်း | Xxx |
| ရပ်ရွာလူထုကြေညာချက်များ | Xxx |
| ထည့်ဝင်လှူဒါန်းငွေများ | Xxx |
| ထုတ်လုပ်မှုဆိုင်ရာဝန်ဆောင်မှုများ | Xxx |
| **ဝင်ငွေစုစုပေါင်း** | **XXX** |

## ရေရှည်တည်တံ့မှုဆိုင်ရာအခြားပုံစံများ

အထက်ဖော်ပြပါအချက်များအသည် ငွေကြေးဆိုင်ရာရေရှည်တည့်တံ့မှုအကြောင်း ဖြစ်သည်။ သို့ရာအတွင် အခြားအရေးကြီးသော ရေရှည်တည်တံ့မှုဆိုင်ရာပုံစံ နှစ်ခုရှိပါသေးသည်။

**လူမှုဆိုင်ရာရေရှည်တည်တံ့မှု။** ။ ၎င်းတို့သည် အသံလွှင့်ရုံတစ်ခုအား ရပ်ရွာလူထုနှင့် ဆက်စပ်ဆီလျော်မှုရှိစေရေး၊ စိတ်ပါဝင်စားမှုရှိစေရေးအတွက် ကူညီပေးသည့် သင်ပြင်လက္ခဏာများဖြစ်ပြီး၊ လူထု၏ပံ့ပိုးမှုရှိလာစေရန် တွန်းအားပေးပါသည်။ ၎င်းတွင် လူထု၏ပိုင်ဆိုင်မှုစိတ်ဓာတ်၊ လူထုပူးပေါင်းပါဝင်မှု၊ ဒေသခံပြည်သူများနှင့်ဆီလျော်မှုရှိသည့်အစီအစဉ်များ၊ ဒေသန္တရယဉ်ကျေးမှုနှင့်ဓလေ့ထုံးတမ်းများကို လေးစားမှု စသည်တို့ ပါဝင်သည်။

**အဖွဲ့အစည်းပိုင်းဆိုင်ရာရေရှည်တည်တံ့မှု။** ။ ၎င်းတို့သည် လုပ်ငန်းကောင်းမွန်စွာရှိစေခြင်းနှင့် လူထုအကျိုးစီးပွားအခြေပြုခြင်း ဖြစ်စေသည့် စီမံအုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် လုပ်ငန်းလည်ပတ်မှု စသည်တို့နှင့် စပ်လျဉ်းသည့် ဖွဲ့စည်းတည်ဆောက် ပုံများနှင့် မူဝါဒများဖြစ်သည်။ အသံလွှင့်ရုံ၏ ရည်မှန်းချက်၊ မျှော်မှန်းချက်သည် ရှင်း ရှင်းလင်းလင်းရှိပါသလား။ ဘုတ်အဖွဲ့သည်

အတည်တကျရှိပြီး၊ တစ်ယောက်ချင်းစီ တိုင်းသည် ကွဲပြားသော မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိကြပါသလား။ အသံလွှင့်ရုံသည် လူအများက လာရောက်လည်ပတ်လိုပြီး လုပ်အားပေးလိုစိတ်ရှိ သည့် အများအား ကြိုဆိုသော၊ အများပူးပေါင်းပါဝင်မှုရှိစေသော အသံလွှင့်ရုံ တစ်ခု ဖြစ်ပါသလား။

*အခန်း ၄*

# လူထုရေဒီယိုအသံလွှင့်ရုံတွင် ဝန်ထမ်းများခန့်အပ်ထားရှိခြင်း

လူထုရေဒီယိုအသံလွှင့်ရုံများသည် ရပ်ရွာလူထုမှစေတနာ့ဝန်ထမ်းများ၏ လုပ်အား အပေါ်အမီပြုရပါသော စေတနာ့ဝန်ထမ်းစွမ်းအား အားဖြင့်လည်ပတ်ပါသည်။ အချို့ သောအသံလွှင့်ရုံများသည် အခြားနေရာများထက်ပိုများသော ဝန်ထမ်းများကို လုပ်အားခပေး၍ခန့်အပ်နိုင်ကြသည်။ သို့သော် လူထရေဒီယိုအများစု၌ အသံလွှင့်ရုံ ၏ ဒါရိုက်တာဘုတ်အဖွဲ့မှသည် သတင်းတင်ဆက်သူ၊ သတင်းထောက်၊ နည်းပညာ ပိုင်းဆိုင် ရာလုပ်ဆောင်သူများ၊ ရံပုံငွေရှာဖွေပေးသူများ အစရှိသည့် ကဏ္ဍရပ်များ အတွက် စေတနာ့ဝန်ထမ်းများအပေါ်သာ မှီခိုရပါသည်။ တတ်တတ်ကြွကြွရှိပြီး ယုံကြည်ရသည့် စေတနာ့ဝန်ထမ်းအဖွဲ့မရှိက လူထုရေဒီယိုထူထောင်ရန် မဖြစ်နိုင် ပါ။

သို့သော် အသံလွှင့်ရုံအများစုအနေဖြင့် ဝန်ထမ်းရာထူးနေရာ အချို့အတွက် လူ အနည်းငယ်အား အခပေးခန့်အပ်ရန်လိုအပ်ကြောင်း တွေ့ရှိကြလေသည် -

**အသံလွှင့်ရုံမန်နေဂျာ** (Station Manager) – အသံလွှင့်ရုံအနေဖြင့် ဝန်ထမ်းခန့် အပ်သည်ဆိုပါက ဤအရေးကြီးရာထူးအတွက်သာဖြစ်ပေလိမ့်မည်။ အသံလွှင့်ရုံ မနေဂျာသည် စေတနာ့ဝန်ထမ်းများအတွက်အချိန်ဇယားဆွဲပေးခြင်း၊အစီအစဉ် ရေး ဆွဲခြင်း၊ အစီအစဉ်ပါဝင်မှု content ၊ စီမံအုပ်ချုပ်ရေးပိုင်းဆိုင်ရာကိစ္စရပ်များစသည် တို့အပါအဝင် နေ့စဉ်လုပ်ငန်းဆောင်တာများကို ကြီးကြပ်ရပါသည်။ ထိုသူတို့သည် ဒါရိုက်တာဘုတ်အဖွဲ့နှင့် အနီးကပ်လုပ်ဆောင်ရပါသည်။ ထိုသို့သောရာထူးသည် စေတနာ့ဝန်ထမ်းတစ်ဦးမှ အချိန်ပေးဆောင်ရွက်ရန်မှာ တာဝန်ကြီးလှပါသည်။

***အခြားဝန်ထမ်းများ*** - *လူထုရေဒီယိုအသံလွှင့်ရုံအသစ် အစပြုချိန်တွင် အသံလွှင့်ရုံ မန်နေဂျာတစ်ဦးတည်းကိုသာလျှင် အခပေးခန့်အပ်နိုင်သည်လည်း ဖြစ်နိုင်ပါသည်။ အသံလွှင့်ရုံများအနေဖြင့် မိမိအရင်းအမြစ်များအလျောက် အခြားရာထူးများအတွက်*

*လည်း ဆက်လက်ဝန်ထမ်းခန့်ထားလေ့ရှိပါသည်။ ထိုသို့ဝန်ထမ်းထပ်လောင်းခန့်ထားခြင်းအားဖြင့် အသံလွှင့်ရုံမန်နေဂျာများ၏ အလုပ်ဝန်ထုပ်ကို လျော့ကျစေပါသည်။*

**နည်းပညာပိုင်းဆိုင်ရာမန်နေဂျာ။** ။ ဤပုဂ္ဂိုလ်သည် အသံဖမ်းယူခြင်း၊ တည်းဖြတ်ခြင်း၊ အသံထုတ်လွှင့်ခြင်း၊ စက်ပစ္စည်းများထိန်းသိမ်းခြင်း အစရှိသည့် အသံလွှင့်ရုံနှင့်စပ်လျဉ်းသည့် နည်းပညာပိုင်းဆိုင်ရာကိစ္စရပ်များအားလုံးအတွက် ပံ့ပိုးမှုပေးပါလိမ့်မည်။

**ပရိုဂရမ်မန်နေဂျာ။** ။ ဤပုဂ္ဂိုလ်သည် လေလှိုင်းပေါ်သို့လွှင့်တင်လိုက်သည့် အကြောင်း အရာများကို ကြီးကြပ်ရပြီး၊ ရပ်ရွာလူထုနှင့်ဆီလျော်စပ်ဟပ်မှုရှိစေရန် သေချာစေရပါသည်။ ထိုသူတို့အနေဖြင့် သတင်းထောက်များ၊ သတင်းတင်ဆက်သူများကို ကြီးကြပ်ပေးရပြီး၊ စည်းမျဉ်းများနှင့် ကျင့်ဝတ်ဆိုင်ရာလမ်းညွှန်ချက်များကို ကောင်းမွန်စွာသိရှိသူများဖြစ်သည်။

**မားကက်တင်းမန်နေဂျာ။** ။ ဤပုဂ္ဂိုလ်၏အလုပ်မှာ အသံလွှင့်ရုံအား ပရိုမိုးရှင်းလုပ်ပေးရန်၊ ကြော်ငြာများရရှိရန် သို့မဟုတ် စပွန်ဆာများရရှိရန် ဆောင်ရွက်ခြင်းဖြစ်သည်။ ၎င်း၏တာဝန်များတွင် ကြော်ငြာရောင်းချခြင်း၊ ပရိုမိုးရှင်းဆိုင်ရာ အစီအစဉ်များနှင့် ပွဲအစီအစဉ်များကို ပြင်ဆင်ပေးခြင်းတို့ပါဝင်သည်။

**ဘဏ္ဍာရေး/အုပ်ချုပ်ရေးမန်နေဂျာ။** ။ ဤပုဂ္ဂိုလ်သည် မှတ်တမ်းထိန်းသိမ်းခြင်း၊ အသံလွှင့်ရုံသည် ၎င်း၏မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေကြောင်း သေချာစေခြင်းတို့အတွက် တာဝန်ရှိပါသည်။ ထိုသို့ဆိုရာတွင် ငွေကြေးဆိုင်ရာ ကိစ္စရပ်များ၊ တေးဂီတမူပိုင်ခွင့်များ၊ သက်ဆိုင်ရာဌာနထံသို့ အစီရင်ခံစာတင်သွင်းခြင်း စသည်တို့ကို ကြီးကြပ်ပေးခြင်းတို့ပါဝင်သည်။

## စေတနာ့ဝန်ထမ်းများ (Volunteers)

စေတနာ့ဝန်ထမ်းများသည် အသံလွှင့်ရုံအတွက် မိမိတို့၏အချိန်၊ အသိပညာ၊ အတွေ့အကြုံများဖြင့် အခကြေးမယူဘဲပါဝင်ဆောင်ရွက်ကြပါသည်။ ၎င်းသည် ကုန်ကျစရိတ်ကို လျော့နည်းစေပါသည်။

ထိုသူတို့သည် အစီအစဉ်ထုတ်လုပ်ရေးနှင့်အစီအစဉ်တင်ဆက်မှုမှသည် စက်ပစ္စည်း ထိန်းသိမ်းရေးနှင့် စီမံအုပ်ချုပ်ရေးလုပ်ငန်းတာဝန်များဖြစ်ကြသည့် လုပ်ငန်းတာဝန် အမျိုးမျိုးကို ဆောင်ရွက်ပါသည်။

## စေတနာ့ဝန်ထမ်းများစုဆောင်းခြင်း

စေတနာ့ဝန်ထမ်းအရေအတွက်သည် အမြဲပြောင်းလဲနေသည့်အတွက်ကြောင့် (အလုပ်အကိုင်ရရှိ ခြင်းကြောင့်ဖြစ်စေ၊ မိသားစုအခြေအနေကြောင့်ဖြစ်စေ စသည် အချက်များကြောင့်ထွက်ခွါသွားကြလေ့ရှိသည်)၊ သင့်အနေဖြင့် စေတနာ့ ဝန်ထမ်း အသစ်များကိုအမြဲရှာဖွေထားရပါမည်။ ဆောင်ရွက်၍ရသည့်အချို့သော ခြေလှမ်း အဆင့်များမှာ -

- **ရေဒီယိုလုပ်ငန်းကိုရှင်းရှင်းလင်းလင်းဖြစ်စေပါ။** ။ ကျေးရွာအဆင့် သတင်း အချက် အလက်နှင့် ထုတ်လုပ်မှုပိုင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများတွင် ရပ်ရွာ လူထု ဒေသခံများကို ဖိတ်ကြားပါ။ လူအများစုတို့က ရေဒီယိုလုပ်ငန်းဟူသည် ရှုပ်ထွေးပြီး မိမိတို့လုပ်ဆောင်နိုင်သည့်ကဏ္ဍမဟုတ်ဟု ထင်မြင်ထားကြသည်။ မမှန်ပါ။
- **မည်သူမဆိုလေ့ကျင့်သင်ယူနိုင်သည်။** ။ ပညာအရည်အချင်းအနည်းငယ် ရှိသူ (သို့) လုံးဝမရှိသူများသည်ပင်လျှင် သံလွှင့်ခြင်းလုပ်ငန်းအတွက် လေ့ကျင့် သင်ကြားနိုင်ကြောင်း သတင်းဖြန့်ဝေပေးပါ။
- **အားလုံးကိုကြိုဆိုပါ။** ။ အမျိုးသမီး၊ အမျိုးသား၊ လူကြီး၊ လူငယ် အားလုံးအား စေတနာ့ဝန်ထမ်းအဖြစ်ပါဝင်နိုင်ကြောင်း လူထုအား သိရှိစေပါ။
- **လေလှိုင်းပေါ်မှဖိတ်ခေါ်ပါ။** ။ အသံထုတ်လွှင့်ချိန်တွင် အစီအစဉ်တင် ဆက်သူများအား စေတနာ့ဝန်ထမ်းများဖိတ်ခေါ်ရန်ကြေညာစေပါ။ လက်ရှိ

စေတနာ့ဝန်ထမ်းများအား ၎င်းတို့၏အတွေ့အကြုံများကို ဆွေးနွေးသည့် အင်တာဗျူးပြုလုပ်ပါ။

- **စေတနာ့ဝန်ထမ်းများ မိမိတို့၏အတွေ့အကြုံများကို မျှဝေစေပါ။။** စေတနာ့ဝန်ထမ်းများအား ရပ်ရွာလူထုအစည်းအဝေးများတွင် မိမိတို့၏ အတွေ့အကြုံများကို မျှဝေစေပါ။ "သူတို့လုပ်နိုင်ရင် ငါလည်းလုပ်နိုင်မှာပဲ" ဟူသည့် စိတ်လှုပ်ရှားမှုနှင့် ယုံကြည်မှုကို တည်ဆောက်ပေးပါမည်။
- **အကျိုးကျေးဇူးများကိုပြောပြပါ။** ။ စေတနာ့ဝန်ထမ်းအဖြစ်ဆောင်ရွက်ခြင်း၊ ရရှိသည့်သင်တန်းများအားဖြင့် ကျွမ်းကျင်မှုပညာသစ်များရရှိစေပြီး နောက်နောင်တွင် အခကြေးရရှိနိုင်မည့်အလုပ်အကိုင်အတွက်အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း လူထုအား ပြောပြပါ။
- **အသံလွှင့်ရုံသို့လေ့လာရေးအစီအစဉ်။** ။ စတူဒီယိုခန်းတွင် အသံလွှင့်ရုံသို့ လေ့လာရေးအစီအစဉ်ပြုလုပ်ခြင်းဖြင့် ရပ်ရွာလူထုဝင်များအား ဖိတ်ခေါ်ပြီး အသံလွှင့်ရုံလုပ်ငန်းလည်ပတ်မှုကိုမြင်တွေ့စေခြင်းဖြင့် စေတနာ့ဝန်ထမ်း လုပ်အားပေးခြင်းတွင် စိတ်ဝင်စားလာစေရန် ဆောင်ရွက်ပါ။
- **အခြားနည်းလမ်းများကိုလည်းစီစဉ်ပေးပါ။** ။ အသံလွှင့်ရုံနှင့် ဝေးကွာသည့်ဒေသမှ လူထုအတွက် အခြားနည်းလမ်းများကို စဉ်းစားပေးပါ။ ထိုသူတို့အနေဖြင့် အသံလွှင့်ရုံသို့ လူကိုယ်တိုင်လာစရာမလိုဘဲ မိမိတို့ဒေသဆိုင်ရာ အစီရင်ခံချက်များ သို့မဟုတ် သတင်းများကို ဖုန်းဖြင့် ဆက်သွယ်နိုင်စေခြင်းမျိုး စီစဉ်ပေးပါ။
- **ပျော်စရာကောင်းပါသည်။** ။ စေတနာ့ဝန်ထမ်းအဖြစ်ပါဝင်ဆောင်ရွက်ခြင်းသည် ပျော်စရာကောင်းသည်ကို လူအများသိရှိစေပါ။ မိမိတို့ရပ်ရွာလူထုအတွက်အကျိုးပြုဆောင်ရွက်ရင်းနှင့်ပင် မိတ်ဆွေသစ်များရရှိနိုင်ပါသည်။

## စေတနာ့ဝန်ထမ်းများထိန်းသိမ်းထားရှိခြင်း

အထက်ဖော်ပြခဲ့ပြီးသည့်အတိုင်း အခကြေးမပေးရသည့်စေတနာ့ဝန်ထမ်းများဖြင့် အသံလွှင့်ရုံတစ်ခုအား လည်ပတ်ရခြင်းကြောင့် အဝင်အထွက်များပါသည်။ စေတနာ့ဝန်ထမ်းများ ထိန်းသိမ်းထားရှိနိုင်စေရန် အချို့သောအကြံပြုချက်များမှာ -

**သေချာလေ့ကျင့်သင်ကြားပေးပါ။** ။ စေတနာ့ဝန်ထမ်းများသည် မိမိတို့လုပ်ငန်းတာဝန်များကို ကောင်းစွာဆောင်ရွက်နိုင်စေရန်လိုအပ်မည့် အခြေခံသင်တန်းများရရှိစေပါ။ ထိုသူတို့သည် ကျွမ်းကျင်မှုများမှန်ကန်စွာရရှိပါက မိမိတို့လုပ်ငန်းတာဝန်အပေါ် ယုံကြည်စိတ်ချမှုရှိပြီး ပျော်ရွှင်လာပါလိမ့်မည်။

**အဆင့်မြင့်သင်တန်းများစီစဉ်ပေးပါ။** ။ လုပ်ငန်းအပေါ်ကတိကဝတ်ထားပြီး စွမ်းဆောင်မှုရှိသည့်စေတနာ့ဝန်ထမ်းများအတွက် ပို၍အဆင့်မြင့်သော အကြောင်းအရာများဆိုင်ရာ သင်တန်းစီစဉ်ပေးပါ (ဥပမာ ပို၍ရှုပ်ထွေးသည့် ရေဒီယို format များနှင့်စပ်လျဉ်းသည့်သင်တန်းမျိုး)။ ထိုသို့သောသင်တန်းများသည် ၎င်းတို့အတွက် စိတ်ဝင်စားမှု၊ စိတ်တတ်ကြွမှုကို ဖြစ်ပါသည်။

**ကိုယ်စီအားသန်ရာကိုအထူးပြုခွင့်ပေးပါ။** ။ စေတနာ့ဝန်ထမ်းများ မိမိတို့စိတ်ဝင်စားသည့်အကြောင်းအရာများကို သတင်းအစီရင်ခံစေပါ။ ဆေးဘက်ဆိုင်ရာဆရာဝန်တစ်ဦးအနေဖြင့် ကျန်းမာရေးအပိုင်းကို ပုံမှန်သတင်းအစီရင်ခံနိုင်ခြင်း (သို့) စေတနာ့ဝန်ထမ်းသည် လယ်သမားဖြစ်က စိုက်ပျိုးရေးကိစ္စရပ်များကိုအထူးပြုသတင်းအစီရင်ခံခြင်းမျိုး ဆောင်ရွက်နိုင်ပါသည်။

**ကျေးဇူးတင်ရှိကြောင်းအသိအမှတ်ပြုပေးပါ။** ။ အသံလွှင့်ရုံသည် စေတနာ့ဝန်ထမ်းများမပါဘဲလျက် မလည်ပတ်နိုင်ကြောင်း သိရှိစေပါ။ ၎င်းအား "ကျေးဇူးတင်ပါတယ်" ဟု ရိုးရိုးလေး ပြောခြင်းဖြင့်သော်လည်းကောင်း၊ ပါတီပွဲလေး ရံဖန်ရံခါစီစဉ်ပေးခြင်းအားဖြင့် သော် လည်းကောင်း ဆောင်ရွက်နိုင်ပါသည်။

## စေတနာ့ဝန်ထမ်းဆိုင်ရာစာချုပ်

စေတနာ့ဝန်ထမ်းများ ဘယ်သောအခါမှု အမြတ်ထုတ်ခံရခြင်းမျိုးမဖြစ်ပါစေနှင့်။ မျှော်မှန်းချက်များကိုလည်း ပြဋ္ဌာန်းထားသင့်ပါသည်။ အချို့သောအသံလွှင့်ရုံများသည် အသံလွှင့်ရုံ၏ ပန်းတိုင်များ၊ မူဝါဒများကိုပြဋ္ဌာန်းထားသည့် စေတနာ့ဝန်ထမ်းဆိုင်ရာစာချုပ်အား လက်မှတ်ထိုးစေပါသည်။

၎င်းအားဖြင့် စေတနာ့ဝန်ထမ်းများအနေဖြင့် အသံလွှင့်ရုံက မိမိတို့ထံမှ မည်သည်တို့အားမျှော်မှန်းထားသည်၊ မိမိတို့ကလည်း အသံလွှင့်ရုံမှ မည်သည်တို့ကို မျှော်မှန်း

နိုင်သည် ဟူသည်တို့အားသိရှိနိုင်စေမည်ဖြစ်သည်။ အထူးသဖြင့် ၎င်းတို့သည် အသံလွှင့်ရုံတွင်ရှိပြီး သတင်းအစီရင်ခံမှုများဆောင်ရွက်သည့်အခါ ကျင့်ဝတ်ဆိုင်ရာ စည်းကမ်းများကို သိရှိစေမည်ဖြစ်သည်။

ထိုစာချုပ်တွင် စေတနာ့ဝန်ထမ်းများ မိမိတို့၏အလုပ်အား ရပ်နားရန်စီစဉ်သည့်အခါ ကြိုတင်အကြောင်းကြားချက်ပေးရန်အတွက်လည်း တောင်းဆိုနိုင်ပါသည်။

ထိုသို့သောစာရွက်စာတမ်းသည် အသံလွှင့်ရုံနှင့်စေတနာ့ဝန်ထမ်းအကြားချိတ်ဆက်မှု အားကောင်းစေရန်ပံ့ပိုးပေးနိုင်ပါသည်။

*အခန်း ၅*

# လူထုရေဒီယိုနှင့် လူ့အခွင့်အရေး

လူ့အခွင့်အရေး  ဆိုသည်မှာ တစ်ဦးချင်း၏ လူသားဆိုင်ရာအခွင့်အရေးကို ဆိုလိုပါသည်။

## လူနည်းစု အခွင့်အရေး

မြန်မာနိုင်ငံတွင် တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်ကြသော ဒေသရပ်ဂန်းများ ရှိသောကြောင့်  လူနည်းစုများသာ နေထိုင်သော ဒေသများလည်း ရှိပါသည်။

ထို့ကြောင့် လူထုရေဒီယို လုပ်ငန်းတွင် စေတနာ့ဂန်ထမ်းများ ရွေးချယ်သောအခါ အဆိုပါ လူနည်းစုများ ပါဂင်ခွင့်ကိုလည်း အလေးထားရန် လိုအပ်ပါသည်။ လူနည်းစု များ နှင့်၄င်းတို့၏ ဘာသာစကားများကိုပါ ထည့်သွင်းပါဂင်ခွင့် ရရှိစေရန်အတွက်လည်း စီမံကိန်းများ ချမှတ်ပေးခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာ လုံခြုံမှု ရှိစေရန် စဉ်းစား စီစဉ်ပေးခြင်းများပြုလုပ်ပေးရန် လိုအပ်ပါသည်။

တိုင်းရင်းသား လူနည်းစုများကိုလည်း အခြားသော လူများနှင့်အတူလေးစားခင်မင်စွာ ဖြင့် အတူတစ်ကွအေးချမ်းစွာ နေထိုင်ခြင်းဖြင့် တန်းတူညီမျှခွင့်နှင့်ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းဖြစ်ပေါ်စေရန် ငြိမ်းချမ်းရေးဆိုင်ရာ အစီစဉ်များ ထည့်သွင်းသင့်ပါသည်။

ထို့ပြင် ဒေသတွင်း မတူကွဲပြားသော ဘာသာစကားများ၊ တိုင်းရင်းသားများကြား တွင် သဘောထား ကွဲလွဲမှုဖြစ်ပေါ်စေနိုင်သော အသုံးအနှုန်းများနှင့် အသံလွှင့် အစီစဉ်များကိုခွင့်ပြုမည် မဟုတ်ကြောင်း လူထုရေဒီယိုဆိုင်ရာ စည်းမျဉ်း စည်းကမ်းရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲသင့်ပါသည်။

## ကလေးနှင့် အမျိုးသမီးအခွင့်အရေး

မြန်မာနိုင်ငံသည် ဖိုဂါဒကြီးစိုးသော ယဉ်ကျေးမှု ဓလေ့ထုံးစံအောက်တွင် နေထိုင်ခဲ့ရ သောကြောင့် လူအဖွဲ့အစည်းတွင် အမျိုးသမီးများအား တန်ဖိုးထားမှု ၊ အရေးထား မှု၊ ကာကွယ်စောင့်ရှောက်မှု နိမ့်ပါးလျက်ရှိသည်။

ထို့ကြောင့် လူထုရေဒီယို လုပ်ငန်းတွင် စေတနာ့ဝန်ထမ်းများ ရွေးချယ်သောအခါ အမျိုးသမီးများ ပါဝင်ခွင့်ကိုလည်း အလေးထားရန် လိုအပ်ပါသည်။ အမျိုးသမီးများ ပါဝင်ခွင့်ရရှိစေရန်အတွက်လည်း စီမံကိန်းများ ချမှတ်ပေးခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာ လုံခြုံမှုရှိစေရန် စဉ်းစား စီစဉ်ပေးခြင်းများပြုလုပ်ပေးရန် လိုအပ်ပါသည်။

အသံလွှင့်အစီစဉ်များတွင် အမျိုးသမီးကဏ္ဍများ ထည့်သွင်းပေးပြီး ဒေသတွင်းရှိ အမျိုးသမီးများအသံ ပိုမိုထွက်ပေါ်လာနိုင်ရေးအတွက် စီမံကိန်းဆွဲပေးပြီး ဆောင်ရွက်သင့်ပါသည်။

ထို့ပြင်ကလေးများနှင့် အမျိုးသမီးအများစုကြုံတွေ့နေရသော အိမ်တွင်းအကြမ်းဖက်မှုနှင့် လိင်အကြမ်းဖက်ခံရခြင်းများအား အသိပညာပေးအစီစဉ်များ ထည့်သွင်းပေးခြင်းအားဖြင့် အမျိုးသမီးများအနေဖြင့် အကြမ်းဖက်ခံရခြင်းများအား မှန်ကန်စွာ တုန့်ပြန်နိုင်ခြင်း၊ အကြမ်းဖက်မှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်နိုင်ခြင်း တို့ဖြင့် အမျိုးသမီးအခွင့်အရေးကို ထိခိုက်စေမည့် ကိစ္စရပ်များအား ကြိုတင်ကာကွယ်နိုင်ပါသည်။

အမျိုးသမီးဆိုင်ရာ ကဏ္ဍာများထည့်သွင်းခြင်းအားဖြင့် အမျိုးသားများနှင့်အတူ တန်းတူညီမျှသော အခြေအနေ၊ ရပိုင်ခွင့်ဆိုင်ရာ ၊ လူ့အခွင့်အရေးဆိုင်ရာ အစီစဉ်များကို ထည့်သွင်းဖော်ပြပေးခြင်းအားဖြင့်လူ့အဖွဲ့အစည်းအတွင်း ကျား/မ တန်းတူညီမျှခွင့်ကို ပိုမိုနားလည်သဘောပေါက်လာနိုင်ပါသည်။

လူထုရေဒီယိုဆိုင်ရာ စည်းမျဉ်းစည်းကမ်းရေးဆွဲရာတွင်လည်း ကလေးနှင့် အမျိုးသမီးတို့၏ ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သော အသံလွှင့်ချက်များ၊ သီချင်းများ အား ထည့်သွင်းရန် ခွင့်မပြုကြောင်းကိုပါ ထည့်သွင်းရေးဆွဲရန် လိုအပ်ပါသည်။

# နိဂုံး

လူထုရေဒီယိုသည် တစ်မူထူးခြားသောမီဒီယာပုံစံတစ်ခုဖြစ်သည်။ ၎င်းသည် လေလှိုင်းဆိုင်ရာတန်ခိုး အာဏာအား ရပ်ရွာလူထု၏ လက်ထဲသို့ ပေးအပ်ထားပြီး၊ မိမိတို့ဒေသရှိ အများပြည်သူဆိုင်ရာ ဆွေးနွေးပြောဆိုမှုများကို ဦးဆောင်ပေးကာ၊ မိမိဒေသအတွက် အရေးကြီးသော အရေးကိစ္စများကို ဆွေးနွေးရန် ခွင့်ပြုပေးပါသည်။ ၎င်းသည် ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းများ တိုးတက်လာစေရန် လိုအပ်သည့် သတင်းအချက်အလက်များကို ယူဆောင်လာပေးပြီး၊ ပြည်သူများသည် သတင်းပြန်ကြားမှုကောင်းစွာရရှိကာ ပိုမိုပါဝင်မှုအားကောင်းသည့် နိုင်ငံသားများဖြစ်စေနိုင်ပါသည်။

တစ်ချိန်တည်းမှာပင် လူထုရေဒီယိုလုပ်ငန်းသည် ပျော်စရာကောင်းပါသည်။ စေတနာ့ဝန်ထမ်းများသည် အသစ်သော ကျွမ်းကျင်မှုများ သင်ယူရရှိပြီး မိတ်ဆွေသစ်များရရှိပါသည်။ အသံလွှင့်ရုံများသည်လည်း လူစည်ကားသောနေရာများဖြစ်လာပြီး ကွဲပြားသောပြည်သူများ၊ လူငယ်၊ သက်ကြီး အစရှိသည်တို့ စုံစည်းစေရာနေရာဖြစ်ကာ၊ မိမိတို့အတွေ့အကြုံများကို ဖလှယ်ရာနေရာဖြစ်စေပါသည်။

လူထုရေဒီယိုအသံလွှင့်ရုံတစ်ခုအား အစပြုပြီး လည်ပတ်ဆောင်ရွက်ခြင်းတွင် စိန်ခေါ်မှုများရှိပါသည်။ သို့သော် ၎င်းမှ ပေးသည့် ဆုလဒ်များဖြစ်သည့် သတင်းအချက်အလက်ရရှိနိုင်မှု၊ ရပ်ရွာလူထုစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ လေလှိုင်းတွင် အသစ်သောအသံများရရှိခြင်း စသည်တို့သည် ပေးဆပ်ရကျိုးနပ်စေပါသည်။

# အကိုးအကားများ (အင်္ဂလိပ်လို)

**UNESCO Community Radio Handbook**

A good general guide to community radio and what is involved in set-up and operation.

http://unesdoc.unesco.org/images/0012/001245/124595e.pdf

**Community Radio – The People's Voice**

A clear, accessible guide to setting up, managing, and sustaining a community radio station.

http://journalism.co.za/community-radio-the-peoples-voice/

**How to do community radio**

A comprehensive guide from the concept of community radio through set-up to programming.

http://unesdoc.unesco.org/images/0013/001342/134208e.pdf

**Starting a local radio station**

Internews မှ ဤလမ်းညွှန်ချက်များသည် အာဖဂန်နစ္စတန် နိုင်ငံအတွက်သာ အထူးပြုထားသော်လည်း ၎င်းမှ သတင်းအချက်အလက်များကို အခြားနိုင်ငံများ အတွက်လည်း ကျင့်သုံးနိုင်ပါသည်။

https://www.internews.org/resource/starting-local-radio-station-manual-afghanistan